မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၄၂ ]** ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် ( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် ) } **သောကြာနေ့ [ အတွဲ ၇၀**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

**လုပ်ပိုင်ခွင့်အပ်နှင်းခြင်း**

Category B ဖြင့် လေယာဉ်မှတ်ပုံတင်ထုတ်ပေးထားသည့် ပြည်ပမှ ငှားရမ်းသုံးစွဲသော လေယာဉ်များအတွက် ခြွင်းချက်ဖြင့် အများပြည်သူပို့ဆောင်ရေး (Public Transport) လုပ်ငန်း ဆောင်ရွက်ခွင့်ပြုနိုင်သည့် လုပ်ပိုင်ခွင့်ကို မြန်မာနိုင်ငံလေယာဉ်နည်းဥပဒေများ (The Union of Myanmar Aircraft Rules) ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (၂) အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာဦး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် (စီမံ) ပါမောက္ခ ဒေါက်တာဒေါ်ခေမာမြ ကို ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်း ခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)

**အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ် များနှင့်လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၅ အရ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒာမွန်း အား အမြဲတမ်းအတွင်းဝန်/ တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခဲ့ရာ ၎င်းသည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် သက်ပြည့်အငြိမ်းစားယူပြီးဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ ကို အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့်ဆိုင်ရာလုပ်ငန်းဌာန၏ ညွှန်ကြားရေးမှူးချုပ် အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးထွန်းအုံသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာန၏တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀၀၀၀ (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

**တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း**

**ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့လာသော **တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# တီထွင်မှုမူပိုင်ခွင့်ဥပဒေ (မူကြမ်း)

**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **တီထွင်မှုမူပိုင်ခွင့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတက** အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ကော်မတီ**ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကော်မတီကို ဆိုသည်။

(ဃ) **ဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(င) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည်။

(စ) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်**ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရ ပေးအပ်သည့် အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်များလည်း ပါဝင်သည်။

(ဆ) **တီထွင်မှု**ဆိုသည်မှာ နည်းပညာနယ်ပယ်ရှိ သီးခြားအခက်အခဲပြဿနာတစ်ရပ်ကို ဖြေရှင်းပေးနိုင်သည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာ ဖန်တီးမှုကို ဆိုသည်။ ယင်းစကားရပ်တွင် အသေးစားတီထွင်မှုလည်း ပါဝင်သည်။

(ဇ) **တီထွင်မှုမူပိုင်ခွင့်**ဆိုသည်မှာ တီထွင်မှုတစ်ခုကို အကာအကွယ်ပေးရန် ဤဥပဒေအရ ခွင့်ပြုသည့် မူပိုင်ခွင့်ကိုဆိုသည်။

(ဈ) **အသေးစားတီထွင်မှု**ဆိုသည်မှာ ထုတ်ကုန်တစ်ခု၏ ပုံပန်းသဏ္ဌာန် သို့မဟုတ် အစိတ်အပိုင်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံအသစ်ကိုဖြစ်စေ၊ အသုံးဝင်မှု သို့မဟုတ် လုပ်ဆောင်မှုပိုင်းကို မြှင့်တင်ပေးနိုင်သည့် ထုတ်ကုန်၏ အစိတ်အပိုင်းတစ်ခုကိုဖြစ်စေ ဖန်တီးထားသော နည်းပညာဆိုင်ရာ ဖန်တီးမှုတစ်ရပ်ကို ဆိုသည်။

(ည) **တီထွင်မှုမူပိုင်ခွင့်ရရှိသူ**ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် တီထွင်မှုမူပိုင်ခွင့် ရရှိသူအဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဋ) **တီထွင်သူ**ဆိုသည်မှာ တီထွင်မှုတစ်ခုခုကို ပြုလုပ်သည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(ဌ) **အခွင့်အရေးရရှိသူ** ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများကို တရားဝင် ခံစားခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဍ) **သာမန်တတ်ကျွမ်းသူ**ဆိုသည်မှာ တီထွင်မှုဆိုင်ရာနည်းပညာနယ်ပယ်တွင် အထူးကျွမ်းကျင်သူ မဟုတ်သည့် ယေဘုယျ သိရှိနားလည်သူကို ဆိုသည်။

(ဎ) **အလုပ်ရှင်**ဆိုသည်မှာ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဖက်သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားအတွက် လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှရပ်စဲရန် တာဝန်ရှိသူတစ်ဦးဦး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင် လုပ်ငန်းတွင် အလုပ်ရှင် ကွယ်လွန်ပါက ယင်း၏ တရားဝင်အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။

(ဏ) **အလုပ်သမား**ဆိုသည်မှာ ယင်း၏ကာယအား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်ရရှိသောလုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရသူကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဝန်ထမ်းများလည်း ပါဝင်သည်။

(တ) **အဖွဲ့ဝင်နိုင်ငံ**ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။

(ထ) **တရားရုံး**ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရ တည်ထောင်သောတရားရုံးကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ တရားရုံးများတည်ထောင်ခြင်းမပြုမီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးများလည်း ပါဝင်သည်။

(ဒ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာနရှိ ညွှန်ကြားရေးမှူးအောက်မနိမ့်သော အရာရှိကို ဆိုသည်။

(ဓ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးမှုများ ဆောင်ရွက်သည့် ဦးစီးဌာနရှိ ဦးစီးအရာရှိနှင့် အထက်အဆင့်ရှိသော အရာရှိကို ဆိုသည်။

(န) **ဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ပုဒ်မ ၄၀ ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

(ပ) **ကုန်စည်ပြပွဲဆိုင်ရာ** ဦးစားပေးအခွင့်အရေးဆိုသည်မှာ ပုဒ်မ ၄၁ ပါ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် တီထွင်သူတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊

(ခ) နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့် နည်းပညာဖြန့်ဖြူး လွှဲပြောင်းရေးတို့ကို မြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) တီထွင်သူများနှင့် တီထွင်မှုကိုအသုံးပြုသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးများကို အပြန်အလှန် အကျိုးပြုစေရန်၊

(ဃ) တီထွင်သူများနှင့် တီထွင်မှုကိုသုံးစွဲသူများ၏ အခွင့်အရေးနှင့် စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများ အကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်၊

(င) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အခွင့်အရေးရရှိသူမှ တီထွင်မှုမူပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် ကုန်သွယ်မှုတွင် သင့်တင့်မျှတမှုမရှိဘဲ ထိန်းချုပ်ထားခြင်းတို့ကို ဟန့်တားနိုင်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီး ဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများနှင့် ပညာရှင်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ကော်မတီဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်တွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်းနှင့် ယင်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ခ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် အကြံပြုတင်ပြခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဃ) ဦးစီးဌာနမှ တင်ပြလာသည့် မလွဲမသွေပေးရမည့်လိုင်စင် ထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတော်၏ လမ်းညွှန်မှုကိုခံယူ၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၆။ ဦးစီးဌာနသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန်နှင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့်လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) ကော်မတီက ချမှတ်သော အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာ ဗျူဟာများနှင့် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေးအတွက် ကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်ရန်နှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရန်အတွက် ကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(င) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) တီထွင်မှုမူပိုင်ခွင့် သတင်းအချက်အလက်များ အသုံးပြုမှု မြှင့်တင်ပေးခြင်းဖြင့် နည်းပညာဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊

(ဇ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြု သတ်မှတ်ခြင်း၊

(ဈ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ည) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဋ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များကို ထုတ်ပြန် ကြေညာခြင်း၊

(ဌ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဍ) ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနနှင့် ကော်မတီတို့က အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၅)
## မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း

၇။ ညွှန်ကြားရေးမှူးချုပ်သည် ဦးစီးဌာနတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်သည့်မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိတို့ကို ဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် တာဝန်ပေးအပ်နိုင်သည်။

၈။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(ဃ) ကော်မတီနှင့် ဦးစီးဌာနတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန် များကို ထမ်းဆောင်ခြင်း။

၉။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းများကို စစ်ဆေးခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သော ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများ တောင်းခံရန် လိုအပ်ပါက မှတ်ပုံတင်အရာရှိထံတင်ပြခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို စစ်ဆေးပြီးနောက် ခွင့်ပြုရန် သင့် မသင့် သဘောထား မှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(င) ကော်မတီ၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)
## အကာအကွယ်ရရှိနိုင်သောတီထွင်မှုများ

၁၀။ တီထွင်မှုသည် အောက်ပါအချက်များနှင့်ညီညွတ်သည့်အပြင် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိပါက တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ရရှိနိုင်သော တီထွင်မှုများဖြစ်သည် -

(က) တီထွင်မှုအသစ်ဖြစ်ခြင်း၊

ရှင်းလင်းချက်။ ။ တီထွင်မှုသည် ယခင်ရှိပြီးသား နည်းပညာတစ်ခုခုအနေဖြင့်မရှိခဲ့လျှင် အသစ် ဖြစ်သည်။ ယခင်ရှိပြီးသား နည်းပညာဟုဆိုရာတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့် နေ့ရက် သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆို လျှောက်ထားပါက ယင်းဦးစားပေးအခွင့်အရေးတောင်းဆိုသည့် နေ့ရက် မတိုင်မီ မည်သည့်နေရာတွင်မဆို တီထွင်မှုကို ပုံနှိပ်ထုတ်ဝေခြင်း၊ နှုတ်ဖြင့် ဖွင့်ဟပြောဆိုခြင်း၊ အသုံးပြုခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပြည်သူသို့ ထုတ်ဖော် အသိပေးထားသည့် သို့မဟုတ် ပြည်သူမှ ရယူအသုံးပြု နိုင်မည့် နည်းပညာများ ပါဝင်သည်။

(ခ) တီထွင်မှုအဆင့်တစ်ရပ်ပါရှိခြင်း၊

ရှင်းလင်းချက်။ ။ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသည့် တီထွင်မှုကို သက်ဆိုင်ရာနည်းပညာနယ်ပယ်တွင် ကျွမ်းကျင်သူတစ်ဦးက အလွယ်တကူ နားလည်နိုင်စွမ်းမရှိပါက ယင်းတီထွင်မှုသည် တီထွင်မှုအဆင့်တစ်ရပ်ပါရှိသော တီထွင်မှုဖြစ်သည်ဟု သတ်မှတ်ရမည်။

(ဂ) တီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတစ်ရပ်ရပ်တွင် အသုံးချနိုင်ခြင်း။

ရှင်းလင်းချက်။ ။ တီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတစ်ရပ်ရပ်၌ အသုံးချနိုင်ခြင်း ဆိုရာတွင် ယင်းတီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတွင် ပြုလုပ်နိုင်ရမည် သို့မဟုတ် အသုံးပြုနိုင်ရမည်။ စက်မှုလက်မှုလုပ်ငန်းဟူသော စကားရပ်တွင် ကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို ရှေးရှုသည့် လူမှုစီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများအဖြစ် ကျယ်ပြန့်စွာပါဝင်ပြီး အထူးသဖြင့် လက်မှုပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့်ဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်သည်။

## အခန်း (၇)
## အကာအကွယ်မရရှိနိုင်သော တီထွင်မှုများ

၁၁။ (က) အောက်ပါတို့သည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်မရရှိနိုင်သော တီထွင်မှုများဖြစ်သည်-

(၁) ရှာဖွေတွေ့ရှိချက်များ၊ သိပ္ပံဆိုင်ရာ သီအိုရီများနှင့် သင်္ချာဆိုင်ရာ တွက်ချက်နည်းများ၊

(၂) စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာအပြုအမူသက်သက်ဆောင်ရွက်ခြင်း သို့မဟုတ် ဂိမ်းများကစားခြင်းနှင့်စပ်လျဉ်းသည့် စနစ်များ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် နည်းလမ်းများ၊

(၃) ကွန်ပျူတာပရိုဂရမ်များ၊

(၄) ဇီဝမဟုတ်သော ထုတ်လုပ်မှုနည်းစဉ်နှင့် အဏုဇီဝထုတ်လုပ်မှုနည်းစဉ်များမှတစ်ပါး အပင်များ သို့မဟုတ် တိရစ္ဆာန်များကို စိုက်ပျိုးမွေးမြူရေးအတွက် အဓိကကျသော ဇီဝဆိုင်ရာ ထုတ်လုပ်မှုနည်းစဉ်များ၊

(၅) ပြုလုပ်ဖန်တီးထားသည့်အဏုဇီဝများမှတစ်ပါး သဘာဝတွင်တွေ့ရှိရသော သက်ရှိများနှင့်ဇီဝပစ္စည်းများ၏ တစ်ကိုယ်လုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း အပါအဝင် သတ္တဝါမျိုးနွယ်များနှင့် အပင်မျိုးစိတ်များအားလုံး အကျုံးဝင်သည့် အပင်များနှင့် သတ္တဝါများ၊ ဒီအင်န်အေနှင့် ဖြည့်ဖက်ဆက်တန်းများပါဝင်သော ဒီအင်န်အေများ[1]၊ ဆဲလ်များ[2]၊ ဆဲလ်လိုင်းများ[3]၊ မွေးမြူထားသော ဆဲလ်များ[4]နှင့် အစေ့များ၊

(၆) လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်တွင် လက်တွေ့စမ်းသပ်ပြီး ရရှိလာသော ရောဂါရှာဖွေခြင်းနည်းလမ်းများအပါအဝင် လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်ကို ခွဲစိတ်ခြင်း သို့မဟုတ် ကုသခြင်းနည်းလမ်းများ၊

(၇) သဘာဝအတိုင်းရှိသည့် အရာဝတ္ထုများ၊ အသုံးပြုမှုအသစ်များနှင့် ပုံသဏ္ဌာန်အသစ်များ အပါအဝင် အများသိရှိထားပြီးဖြစ်သည့် အရာဝတ္ထုများ သို့မဟုတ် အခါအားလျော်စွာ သတ်မှတ်ဖော်ပြသည့် ဓာတုထုတ်ကုန်များ စသည်တို့နှင့် ဆက်နွယ်သည့် တီထွင်မှုများ၊

(၈) အများပြည်သူ၏ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ လူ၊ တိရစ္ဆာန် သို့မဟုတ် အပင်ကိုဖြစ်စေ၊ ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာ ထိခိုက်နိုင်သည့် တီထွင်မှုများနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း အသုံးချမှုကို တားမြစ်ထားသော တီထွင်မှုများ။

---
[1] DNA- including complementary DNA sequences
[2] Cells
[3] Cell Lines
[4] Cell Cultures

(ခ) ဆေးဝါးနှင့်စပ်လျဉ်းသည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကောင်စီ၏မူဝါဒအရ ပြည်ထောင်စုအစိုးရအဖွဲ့က သီးခြားထပ်မံ သတ်မှတ်ခြင်းမရှိလျှင် ၂၀၃၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ တီထွင်မှုမူပိုင်ခွင့်အကာအကွယ်မရရှိသော တီထွင်မှုဖြစ်သည်။

(ဂ) အောက်ပါတို့သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာကောင်စီ၏ မူဝါဒအရ ပြည်ထောင်စုအစိုးရအဖွဲ့က သီးခြားထပ်မံ သတ်မှတ်ခြင်းမရှိလျှင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ တီထွင်မှုမူပိုင်ခွင့် အကာအကွယ်မရရှိသော တီထွင်မှုများဖြစ်သည် -

(၁) စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဗေဒထုတ်ကုန်များ၊

(၂) စားသောက်ကုန်များ၊

(၃) အဏုဇီဝပစ္စည်းများ။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ အကာအကွယ် မရရှိစေသော ကာလများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာကောင်စီ၏ သဘောတူညီချက်နှင့်အညီ ပြင်ဆင်သတ်မှတ်နိုင်သည်။

## အခန်း (၈)

## တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခွင့်ရှိသူများ

၁၂။ (က) တီထွင်သူသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားရန် အခွင့်အရေးရှိသူဖြစ်ပြီး အဆိုပါ တီထွင်မှု မူပိုင်ခွင့်တွင် အမည်သတ်မှတ်ဖော်ပြပိုင်ခွင့်ရှိသည်။ ထို့ပြင် တီထွင်သူ၏ လုပ်ကိုင်ခွင့် လွှဲအပ်ခြင်းခံရသူကဖြစ်စေ၊ လွှဲပြောင်းပေးအပ်ခြင်းခံရသူကဖြစ်စေ တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(ခ) တစ်ဦးထက်ပိုသူများက တူညီသော တီထွင်မှုတစ်ခုကို သီးခြားစီ တီထွင်ခဲ့လျှင်တီထွင်မှု မူပိုင်ခွင့် လျှောက်ထားချက် အစောဆုံးတင်သွင်းသူ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုချက် ပါရှိလျှင် ဦးစားပေးနေ့ရက်ကို အစောဆုံး တရားဝင်ရရှိထားသော လျှောက်ထားသူသည် တီထွင်မှု မူပိုင်ခွင့်ကို ရခွင့်ရှိသည်။

၁၃။ တီထွင်မှုတစ်ခုကို တစ်ဦးထက်ပိုသူများက ပူးတွဲတီထွင်ခဲ့ခြင်းဖြစ်လျှင် ယင်းတို့ အားလုံးသည် အဆိုပါ တီထွင်မှုမူပိုင်ခွင့်ကို ပူးတွဲလျှောက်ထားခွင့်ရှိသည်။

၁၄။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်းသဘော တူညီချက်၏ အကျိုးဆက်အရဖြစ်စေ တီထွင်မှုတစ်ခုကို ပြုလုပ်ရာတွင် -

(က) အလုပ်သမားက တီထွင်မှုတစ်ခုကို ပြုလုပ်သည့်တိုင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့်ဆန့်ကျင်ကွဲလွဲမှုမရှိပါက အလုပ်ရှင်ကသာ ယင်းတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့် ရှိသည်။

(ခ) တီထွင်မှုကို ပြုလုပ်ပြီးကြောင်း အလုပ်သမားက အလုပ်ရှင်ထံ စာဖြင့်ဆက်သွယ်အကြောင်းကြားသည့် နေ့ရက်မှ ခြောက်လအတွင်း အဆိုပါ တီထွင်မှုကို အလုပ်ရှင်က လျှောက်ထားရန် အခွင့်အရေးကို ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူပြီး အလုပ်သမားသည် ယင်းတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(ဂ) အလုပ်အကိုင်ဆိုင်ရာသဘောတူညီချက်ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်းပြုလုပ်သည့် တီထွင်မှုကို တီထွင်မှုမူပိုင်ခွင့် လျှောက်ထားရာတွင်အဆိုပါ တီထွင်မှုသည် ယခင်အလုပ်ရှင်၏ လုပ်ငန်းနယ်ပယ်

အတွင်း ယင်း၏အလုပ်သမားက ပြုလုပ်ရရှိသည့် တီထွင်မှုဖြစ်လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှု မရှိသည့်အပြင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ ပြုလုပ်ခဲ့သည့် တီထွင်မှုဖြစ်သည်ဟု မှတ်ယူပြီး ယခင် အလုပ်ရှင်မှ အဆိုပါ တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အောက်ပါ အခြေအနေတစ်ရပ်ရပ်၌ အလုပ်သမားကသာ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခွင့်ရှိသည် -

(၁) ယခင်အလုပ်ရှင်က အဆိုပါ တီထွင်မှုအပေါ် လျှောက်ထားမှုမရှိကြောင်း သဘောတူညီခြင်း၊

(၂) အလုပ်သမားက တင်ပြသည့် သက်သေခံအထောက်အထားအပေါ် ယခင်အလုပ်ရှင်မှ ငြင်းဆိုမှု မပြုနိုင်ခြင်း၊

(၃) ပုဒ်မခွဲ (ခ) အရ ယခင်အလုပ်ရှင်က မှတ်ပုံတင်လျှောက်ထားရန် ပျက်ကွက်သဖြင့် အလုပ်သမားကလျှောက်ထားခြင်း။

(ဃ) အလုပ်ရှင်၏တာဝန်ပေးချက်အရ မဟုတ်ဘဲ ယင်း၏ လုပ်ငန်းနယ်ပယ်နှင့် ဆက်နွှယ်နေသော တီထွင်မှုတစ်ခုကို အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကိုအသုံးပြု၍ အလုပ်သမားက ပြုလုပ်ရာတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှု မရှိပါက အလုပ်သမားကသာ ယင်းတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့တွင် ဖော်ပြထားသော တီထွင်မှုပြုလုပ်ခြင်းမှတစ်ပါး အခြားသောတီထွင်မှုကို ပြုလုပ်ခဲ့လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါအချက်များနှင့် ဆန့်ကျင်ကွဲလွဲမှု မရှိပါက ယင်းတီထွင်မှုအတွက် တီထွင်မှုမူပိုင်ခွင့်ကို အလုပ်သမားကသာ လျှောက်ထားခွင့်ရှိသည်။

## အခန်း (၉)
## လျှောက်ထားခြင်း

၁၅။ ဤဥပဒေအရ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခွင့်ရှိသူသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို ရရှိလိုပါက တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုပေးရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၆။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။

(ခ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဘာသာပြန်ဆိုချက်ဖြစ်လျှင် လျှောက်ထားသူက မှန်ကန်ကြောင်းဝန်ခံလက်မှတ် ရေးထိုးရမည်။

၁၇။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည် -

(၁) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုပေးရန် တောင်းဆိုချက်၊

(၂) လျှောက်ထားသည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းနှင့် တီထွင်သူတို့၏ အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာ၊

(၃) လျှောက်ထားသူက ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်နှင့် နေရပ်လိပ်စာ၊

(၄) ပြည့်စုံစွာဖော်ပြထားသော တီထွင်မှုဆိုင်ရာဖော်ပြချက်၊

(၅) တီထွင်မှုအမည်နှင့် တီထွင်မှုဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက်၊

(၆) သတ်မှတ်ချက်နှင့်အညီ ဖော်ပြထားသည့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်များ။

(ခ) ပုဒ်မခွဲ (က) ပါ အချက်များအပြင် လိုအပ်ပါက အောက်ပါအချက်များကိုလည်း ပူးတွဲတင်ပြရမည် -

(၁) လျှောက်ထားသူတွင် အရေးပါသည့် စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းရှိပါက ယင်းတို့၏ လိပ်စာနှင့် နိုင်ငံအမည်၊

(၂) လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏မှတ်ပုံတင်အမှတ်၊ အမျိုးအစားနှင့် နိုင်ငံအမည်၊

(၃) တီထွင်မှုကို နားလည်သဘောပေါက်စေရန် ရေးဆွဲချက်များရှိခဲ့လျှင် ရေးဆွဲချက်များ၊

(၄) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေး ရရှိရန်တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထားဖော်ပြချက်တို့နှင့်အတူ ဦးစားပေးအခွင့်အရေးတောင်းဆိုချက်၊

(၅) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့်အထောက်အထားဖော်ပြချက်တို့နှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေး အခွင့်အရေး တောင်းဆိုချက်၊

(၆) ပူးတွဲလျှောက်ထားသူများအနက်မှ တစ်ဦးဦးက ပူးတွဲလျှောက်ထားသူများအားလုံး၏ကိုယ်စားလျှောက်ထားချက်ကို လက်မှတ်ရေးထိုးထားခြင်းဖြစ်လျှင် ကျန်ပူးတွဲလျှောက်ထားသူများ၏ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊

(၇) မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ်များနှင့် ထိုအရင်းအမြစ်များနှင့် ပေါင်းစပ်သည်ဖြစ်စေ၊ မပေါင်းစပ်ဘဲဖြစ်စေ တည်ရှိနေသော ရိုးရာအသိပညာ တစ်ရပ်ရပ်တို့အား တရားဝင်ရယူသုံးစွဲထားကြောင်းနှင့် တောင်းဆိုထားသော တီထွင်မှုကို ပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားကြောင်း ဖော်ပြချက်၊

(၈) ဆောလျင်စွာ ထုတ်ပြန်ကြေညာပေးရန် လျှောက်ထားလိုပါက ထိုသို့ ကြေညာပေးရန် တောင်းဆိုချက်၊

(၉) ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၁၈။ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ဦးစီးဌာနက လက်ခံရရှိသည့် နေ့ရက်သည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၉။ (က) တီထွင်မှုဆိုင်ရာဖော်ပြချက်သည် သာမန်တတ်ကျွမ်းသူတစ်ဦးက အဆိုပါ တီထွင်မှုကို လုပ်ဆောင်နိုင်ရန် ထုတ်ဖော်ရေးသားချက်ဖြစ်ရမည်ဖြစ်ပြီး အဆိုပါ ရေးသားချက်တွင် လျှောက်ထားသည့် နေ့ရက် သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုပါက ဦးစားပေးအခွင့်အရေးတောင်းဆိုသည့် နေ့ရက်၌ တီထွင်သူသိရှိထားသည့် အကောင်းဆုံးနည်းလမ်းအပါအဝင် ယင်းသိရှိထားသည့် နည်းလမ်းများ အားလုံးပါဝင်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တောင်းဆိုထားသော တီထွင်မှုအတွက် ထုတ်ဖော်ပြသချက်သည် လျှောက်ထားသောနေ့ရက်တွင် သက်ဆိုင်ရာပညာရပ်နယ်ပယ်၌ သာမန်တတ်ကျွမ်းသူက ယင်းတီထွင်မှုကို အသုံးချရန် သို့မဟုတ် ပြုလုပ်ရန် ခွင့်ပြုနိုင်သည့် လုံလောက်သော

သတင်းအချက်အလက်များကို ထည့်သွင်းတင်ပြထားပါက အဆိုပါ ထုတ်ဖော်ပြသချက်ကို လွန်ကဲသော စမ်းသပ်စစ်ဆေးမှုမပြုဘဲ လုံလောက်စွာ ပြည့်စုံရှင်းလင်းသည်ဟု မှတ်ယူရမည်။

(ဂ) အကာအကွယ်ရရှိရန် တောင်းဆိုထားသောတီထွင်မှုကို ပြုလုပ်ရာ၌ နိုင်ငံတော်နယ်နိမိတ်အတွင်းမှ မျိုးရိုးဗီဇ သို့မဟုတ် ဇီဝရင်းမြစ်များ၏ဇာစ်မြစ်ကိုသော်လည်းကောင်း၊ အဆိုပါ ရင်းမြစ်များနှင့် ဆက်စပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရိုးရာအသိပညာဆိုင်ရာ အချက်အလက်များကိုသော်လည်းကောင်း ကြိုတင်ခွင့်ပြုချက်မရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားပါက ယင်းတို့အား တီထွင်မှုဆိုင်ရာ ဖော်ပြချက်တွင် ရှင်းလင်းစွာ သတ်မှတ်ဖော်ပြပေးရမည်။

၂၀။ (က) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များတွင် အကာအကွယ်ပေးစေလိုသည့်အချက်ကို သတ်မှတ်ဖော်ပြပေးရမည်ဖြစ်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များသည် ရှင်းလင်း၍ ကျစ်လျစ်ပြည့်စုံရမည်။ ယင်းတို့ကို ရှင်းလင်းရာတွင် ဖော်ပြချက်နှင့် ရေးဆွဲချက်များကို အသုံးပြုနိုင်သည်။

၂၁။ (က) သီးခြားစီ တီထွင်ခဲ့သည့် တူညီသော တီထွင်မှုတစ်ခုကို မတူညီသောနေ့ရက်အသီးသီးတွင် တစ်ဦးထက်ပိုသူများက လျှောက်ထားခြင်းဖြစ်လျှင် လျှောက်ထားချက် အစောဆုံးတင်သွင်းသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် လျှောက်ထားသူအသီးသီးက ဦးစားပေးအခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆို လျှောက်ထားလာခြင်းဖြစ်လျှင် ဦးစားပေးအခွင့်အရေး နေ့ရက်အစောဆုံး ပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၂၂။ သီးခြားစီ တီထွင်ခဲ့သည့် တူညီသော တီထွင်မှုတစ်ခုစီနှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိရန် တစ်ဦးထက်ပိုသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ရက်ကို တောင်းဆိုလျှောက်ထားလာပါက -

(က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏ အမည်ကို သတ်မှတ်သည့်ကာလအတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ယင်းတို့အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်းခံရသူ၏ အမည်ကိုသော်လည်းကောင်း၊ ပူးတွဲလျှောက်ထားသူများအဖြစ် သတ်မှတ်ပေးစေလိုပါက ယင်းအချက်ကိုသော်လည်းကောင်း မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) မှတ်ပုံတင်အရာရှိက လျှောက်ထားသူများအားလုံးကို ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း ယင်းတို့အချင်းချင်း သဘောတူညီမှုမရရှိခဲ့လျှင် မည်သည့်လျှောက်ထားသူ၏ တီထွင်မှုကိုမျှ ခွင့်မပြုရ။

၂၃။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လျှောက်ထားသည့် နေ့ရက်မှ ၃၆ လ အတွင်း လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အသေးစိတ်စစ်ဆေးပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ တောင်းဆိုရမည်။ မှတ်ပုံတင်အရာရှိသည် ယင်းတောင်းဆိုချက်ကို သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော တောင်းဆိုချက်ကို သတ်မှတ်သည့်ကာလအတွင်း လျှောက်ထားခြင်းမရှိပါက အဆိုပါလျှောက်ထားချက်ကို စွန့်လွှတ်သည်ဟုမှတ်ယူမည်ဖြစ်သည်။

၂၄။ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်သည် တီထွင်မှုတစ်ခုနှင့်သာ သို့မဟုတ် ယေဘုယျတီထွင်ကြံဆမှု သဘောတရားတစ်ခုဖြစ်လာရန် ဆက်စပ်နေသော တီထွင်မှုတစ်စုနှင့်သာ သက်ဆိုင်ရမည်။

၂၅။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် -

(က) မှတ်ပုံတင်အရာရှိက တီထွင်မှုမူပိုင်ခွင့်ကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်းအထောက်အထားတစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့် ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) လျှောက်ထားချက်ကို မူလလျှောက်ထားချက်ပါ ဖော်ပြချက်များထက် မကျော်လွန်စေဘဲ တီထွင်မှု မူပိုင်ခွင့် ခွင့်ပြုချိန်မတိုင်မီအထိ ပြင်ဆင်နိုင်သည်။

(ဂ) (၁) ပုဒ်မ ၂၄ နှင့်ညီညွတ်ခြင်းမရှိသည့် လျှောက်ထားချက်ကို မူလလျှောက်ထားချက်ပါ ဖော်ပြချက်များထက်မကျော်လွန်စေဘဲ ခွင့်ပြုမည့်အချိန်အထိ လျှောက်ထားချက်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လျှောက်ထားချက်အခွဲများအဖြစ် ခွဲ၍ သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး လျှောက်ထားနိုင်သည်။

(၂) လျှောက်ထားချက် အခွဲတစ်ခုစီအတွက် မူလလျှောက်ထားချက်၏ လျှောက်ထားသည့်နေ့ရက် သို့မဟုတ် ဦးစားပေးအခွင့်အရေးတောင်းဆိုခဲ့ပါက ယင်းဦးစားပေးအခွင့်အရေးတောင်းဆိုသည့် နေ့ရက်တို့ကို လျှောက်ထားချက်တင်သွင်းသည့် နေ့ရက်အဖြစ် မှတ်ယူရမည်။

(ဃ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် လျှောက်ထားနိုင်သည်။

၂၆။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၅ ပါလျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း (၁၀)
## စစ်ဆေးခြင်း၊ ကန့်ကွက်ခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၇။ စစ်ဆေးရေးအရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) တီထွင်မှုကို အပြည်ပြည်ဆိုင်ရာအမျိုးအစားခွဲခြားခြင်းဖြင့် အမျိုးအစားခွဲခြား၍ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်များကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင် ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိပါက အဆိုပါ လျှောက်ထားချက်ကို ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ သတ်မှတ်သည့် အချိန်ကာလအတွင်း လျှောက်ထားချက်တွင် လိုအပ်သည့် ပြင်ဆင် ဖြည့်စွက်ချက်များ လက်ခံရရှိပါက စိစစ်၍ လျှောက်ထားချက်ကို မှတ်ပုံတင်အရာရှိထံ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၂၈။ (က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူ သို့မဟုတ် ပိုင်ရှင်သည် မှတ်ပုံတင်အရာရှိထံ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်အတွက် သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့ပြီး အဆိုပါပျက်ကွက်ခဲ့မှုကြောင့် သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် လျှောက်ထားချက်နှင့်

စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည် ဆိုပါက အောက်ပါအချက်များနှင့် ကိုက်ညီလျှင် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများပေးရန် ပြန်လည်လျှောက်ထားနိုင်သည် -

(၁) သတ်မှတ်သည့်အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုကြောင့် စွန့်လွှတ်ခံရသည့် နေ့ရက်မှရက်ပေါင်း ၆၀ အတွင်း တောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) သတ်မှတ်သည့်အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့်ပတ်သက်သည့် ရှင်းလင်းချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် လိုအပ်ချက်များအားလုံးကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုအတွက် အကြောင်းပြချက်များကို တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုမှာ မရည်ရွယ်ဘဲ ဖြစ်ပေါ်ခဲ့ကြောင်း မှတ်ပုံတင်အရာရှိက တွေ့ရှိခြင်း၊

(၅) အခကြေးငွေပေးသွင်းပြီးဖြစ်ခြင်း။

(ခ) မှတ်ပုံတင်အရာရှိသည် အောက်ပါအခြေအနေများတွင် ပုဒ်မခွဲ (က) အရ အခွင့်အရေးများ ပြန်လည်ပေးအပ်ခြင်းကို ဆိုင်းငံ့ထားရမည် -

(၁) အယူခံတင်သွင်းထားခြင်း၊

(၂) နှစ်ဦးနှစ်ဖက်ကြား တရားစွဲဆိုရင်ဆိုင်နေခြင်း။

၂၉။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်သော လျှောက်ထားချက်ကို တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့် နေ့ရက်မှ ၁၈ လ ကုန်ဆုံးပြီးနောက် သို့မဟုတ် ဆောလျင်စွာ ထုတ်ပြန်ကြေညာပေးရန် တောင်းဆိုပါက ထိုတောင်းဆိုသည့်နေ့ရက်တွင် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ အများပြည်သူ သိရှိနိုင်ရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် ထုတ်ပြန်ကြေညာရမည်။

၃၀။ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ပုဒ်မ ၂၉ အရ ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ သုံးလအတွင်း သတ်မှတ်သည့်အခကြေးငွေပေးသွင်းပြီး ဤဥပဒေပါ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တွင် ဖော်ပြထားသော အကြောင်းပြချက်တစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

၃၁။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့် အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၃၂။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်ချက်တင်သွင်းလာသည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်၊ စစ်ဆေးရေးအရာရှိ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းကို ဆက်လက်လုပ်ဆောင်စေခြင်း၊ ပြင်ဆင်စေခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုနိုင်သည်။ အဆိုပါဆုံးဖြတ်ချက်ကို ကန့်ကွက်လွှာ တင်သွင်းသူနှင့် တင်သွင်းခံရသူထံ အကြောင်းကြားပြီး သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၃၃။ စစ်ဆေးရေးအရာရှိသည် တီထွင်မှုမူပိုင်ခွင့်အား အသေးစိတ်စစ်ဆေးပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၄ တွင် ဖော်ပြထားသည့် တီထွင်မှုမူပိုင်ခွင့် ပေးနိုင်သည့် အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေး၍ တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုရန် သင့် မသင့် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၃၄။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်၍ တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင်သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့လျှင် လျှောက်ထားသူအား တီထွင်မှုမူပိုင်ခွင့်လက်မှတ်ကိုထုတ်ပေးရမည်။

၃၅။ မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်တွင်လျှောက်ထားသော ပြည်ပနိုင်ငံတစ်ခုခုတွင် တင်သွင်းထားပြီးဖြစ်သည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်များကို စစ်ဆေးနိုင်ရေးအတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို သတ်မှတ်သည့်အချိန်အတွင်း တင်ပြရန် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူထံ အကြောင်းကြားနိုင်သည် -

(က) လျှောက်ထားသူရရှိထားပြီးဖြစ်သော သက်ဆိုင်ရာ ပြည်ပနိုင်ငံတစ်ခုခု၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးက ဆောင်ရွက်ခဲ့သည့် ရှာဖွေတွေ့ရှိချက်နှင့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတို့၏မိတ္တူ၊

(ခ) လျှောက်ထားသူ ပြည်ပမှရရှိထားပြီးဖြစ်သော တီထွင်မှုမူပိုင်ခွင့် လက်မှတ်မိတ္တူမှန်၊

(ဂ) ပြည်ပနိုင်ငံတစ်ခုခု၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ငြင်းပယ်လျှင်ဖြစ်စေ၊ အဆိုပါလျှောက်ထားချက်ပါ တောင်းဆိုချက်ကို ငြင်းဆိုလျှင်ဖြစ်စေ ယင်းဆုံးဖြတ်ချက်မိတ္တူ သို့မဟုတ် အဆိုပါ လျှောက်ထားချက်အရ ခွင့်ပြုခဲ့သော မည်သည့်တီထွင်မှုမူပိုင်ခွင့်ကိုမဆို ပျက်ပြယ်စေလျှင်ဖြစ်စေ၊ ရုပ်သိမ်းလျှင်ဖြစ်စေ ယင်းဆုံးဖြတ်ချက်မိတ္တူ။

၃၆။ ညွှန်ကြားရေးမှူးချုပ်သည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်အား စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အစိုးရဌာနအဖွဲ့အစည်းများသို့လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ပြည်ပတီထွင်မှုမူပိုင်ခွင့်ရုံးများသို့လည်းကောင်း ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးပေးရန် တောင်းဆိုနိုင်သည်။

၃၇။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်လက်မှတ် မူရင်းပျောက်ဆုံး သို့မဟုတ် ပျက်စီးပါက မိတ္တူမှန်ထပ်မံ ထုတ်ပေးရန် ဦးစီးဌာနသို့ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၈။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က) ပါ လျှောက်ထားချက်ကို စိစစ်ပြီး တီထွင်မှုမူပိုင်ခွင့် လက်မှတ်မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ) ပါ လျှောက်ထားချက်ကို စိစစ်ပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

၃၉။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ဦးစီးဌာန၌ နည်းလမ်းတကျ လျှောက်ထားခဲ့ရာတွင် မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်၏အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များပါဝင်သည်ဟု ထင်မြင်ယူဆခဲ့လျှင် အဆိုပါတီထွင်မှုလျှောက်ထားချက်ပါ အကြောင်းအရာများနှင့် စပ်ဆိုင်သောဝန်ကြီးဌာန၏ ကင်းရှင်းကြောင်း သဘောထားမှတ်ချက် ရရှိချိန်အထိ အဆိုပါ လျှောက်ထားချက်ကို မထုတ်ပြန်ဘဲ လျှို့ဝှက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှောက်ထားသူအား သင့်လျော်သော လျော်ကြေးပေး၍ စစ်ဆေးခြင်းပြုလုပ်ရန် သို့မဟုတ် သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းရန် သို့မဟုတ် လျှောက်ထားချက်နှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို သက်ဆိုင်ရာအစိုးရဌာနသို့ လွှဲပြောင်းပေးရန် ဆောင်ရွက်နိုင်သည်။

(ဂ) နိုင်ငံတော်၏အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များ ပါဝင်သည်ဟု ထင်မြင်ယူဆသည့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်တွင် နေထိုင်သူမည်သူမဆို ဦးစီးဌာနတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားပြီး ပုဒ်မခွဲ (က) အရ သဘောထားမှတ်ချက် မရရှိခဲ့လျှင်သော်လည်းကောင်း၊ ရုပ်သိမ်းခြင်းခံရလျှင်သော်လည်းကောင်း မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်မရှိဘဲ အခြား နိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခြင်းမပြုရ။

(ဃ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကြောင့် ဖြစ်ပေါ်သည့် အခက်အခဲတစ်စုံတစ်ရာအတွက် သင့်လျော်သည့် လျော်ကြေးရရှိရန် တောင်းဆို နိုင်သည်။ ယင်းလျော်ကြေးပမာဏကိုမကျေနပ်ပါက တရားရုံးမှသတ်မှတ်ပေးရန် လျှောက်ထား နိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရ တီထွင်မှု မူပိုင်ခွင့်လျှောက်ထားချက်ကို ဆက်လက်၍ လျှို့ဝှက်ထိန်းသိမ်းထားရှိရန် လိုအပ်ခြင်း မရှိတော့ကြောင်းပေါ်ပေါက်သည့်အခါ ပုဒ်မခွဲ (က) အရ လျှို့ဝှက်ထားခြင်းကိုရုပ်သိမ်းနိုင်သည်။

## အခန်း (၁၁)
## ဦးစားပေးအခွင့်အရေး

၄၀။ **ပါရီ**ကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် ပထမလျှောက်ထားခဲ့သည့် နေ့ရက်မှတစ်နှစ်အတွင်း ဦးစီးဌာန၌ တူညီသောတီထွင်မှုကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် ဦးစားပေး အခွင့်အရေး ခံစားရမည်။

၄၁။ **ပါရီ**ကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာ နိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် တီထွင်မှုအတွက် စတင်ခင်းကျင်းပြသခဲ့သည့်နေ့ရက်မှ တစ်နှစ်အတွင်း ဦးစီးဌာန၌ တူညီသော တီထွင်မှုကို လျှောက်ထားလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။

၄၂။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၄၀ အရ လျှောက်ထားသည့်နေ့ရက်မှ စတင်ရရှိသည့် ဦးစားပေးအခွင့်အရေးကာလထက် မကျော်လွန်စေရ။

၄၃။ လျှောက်ထားသူသည် သတ်မှတ်ထားသည့် ကာလအတွင်း စာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိထံ ဦးစားပေးအခွင့်အရေး ပြန်လည်ရရှိရေးအတွက် ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) နှင့်အညီ တောင်းဆိုချက်တစ်ရပ်ကို တင်ပြနိုင်သည်။

## အခန်း (၁၂)
## တီထွင်မှုမူပိုင်ခွင့် သက်တမ်းနှင့်မှတ်ပုံတင်ကြေး

၄၄။ တီထွင်မှုမူပိုင်ခွင့် သက်တမ်းသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်မှ နှစ် ၂၀ ဖြစ်သည်။

၄၅။ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှု မူပိုင်ခွင့် လျှောက်ထားချက်ကို ထိန်းသိမ်းရန်အလို့ငှာ ဦးစီးဌာနသို့ ကာလအပိုင်းအခြားအလိုက် သတ်မှတ်သည့် နှစ်စဉ်ကြေးပေးသွင်းမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) နှစ်စဉ်ကြေးပေးသွင်းရမည့် နေ့ရက်မတိုင်မီ ခြောက်လအတွင်း သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်းရမည်။

(ခ) နှစ်စဉ်ကြေးပေးသွင်းမှု နောက်ကျခြင်းအတွက် နှစ်စဉ်ကြေးပေးသွင်းရန် ကုန်ဆုံးသည့်နောက်တစ်ရက်မှ အခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း၌သာ ပေးသွင်းခွင့်ရှိသည်။ ယင်းသို့ ပေးသွင်းသည့်အခါ သတ်မှတ်ထားသော နှစ်စဉ်ကြေးနှင့် ရက်လွန်ကြေးများကို ပေးသွင်းရမည်။

၄၆။ မှတ်ပုံတင်အရာရှိသည် -

(က) နှစ်စဉ်ကြေးပေးသွင်းခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(ခ) နှစ်စဉ်ကြေးကို အခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း ပေးသွင်းခြင်းမရှိသည့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ပျက်ပြယ်စေရမည်။

(ဂ) နှစ်စဉ်ကြေးပေးသွင်းမှုမရှိခြင်းမှာ ခိုင်လုံပြီး အခြားသူများ၏ အခွင့်အရေးများကို အကြောင်းမဲ့ထိခိုက်ခြင်းမရှိဟုယူဆလျှင် ငွေပေးသွင်းရမည့် ကာလကျော်လွန်ပြီး နောက်တစ်နှစ်မကုန်ဆုံးမီအချိန်အတွင်း ပျက်ပြယ်သွားသော တီထွင်မှုမူပိုင်ခွင့်ကို ထိန်းသိမ်းထားနိုင်သည်။

(ဃ) ပျက်ပြယ်သွားသည့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၇။ ပုဒ်မ ၄၅ တွင် ဖော်ပြထားသော နောက်ဆုံးရက် သတ်မှတ်ချက်ကျော်လွန်သွားသည့် ကိစ္စရပ်တွင် လျှောက်ထားသူ သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ပုဒ်မ ၂၈ ပါ အချက်များနှင့် ကိုက်ညီပါက အခွင့်အရေးများ ပြန်လည်ပေးအပ်ရန် မှတ်ပုံတင်အရာရှိထံ တောင်းဆိုနိုင်သည်။

## အခန်း (၁၃)
## တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ

၄၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် အခန်း (၁၂) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက တီထွင်မှုမူပိုင်ခွင့်သက်တမ်းကာလအတွင်း ဤအခန်းပါ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၉။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ

(က) သီးသန့်အခွင့်အရေးအဖြစ် -

(၁) ထုတ်ကုန်တစ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ရရှိထားလျှင် ယင်းထုတ်ကုန်ကို အခြားသူတစ်ဦးက ယင်း၏သဘောတူညီချက်မပါဘဲ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချရန်ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းပြုလျှင် ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(၂) ထုတ်လုပ်မှုနည်းစဉ်တစ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ရရှိထားလျှင် ယင်းထုတ်လုပ်မှုနည်းစဉ်အား အခြားသူတစ်ဦးက ယင်း၏ သဘောတူညီချက်မပါဘဲ အသုံးပြုလျှင်ဖြစ်စေ၊ ယင်းထုတ်လုပ်မှုနည်းစဉ်ကို တိုက်ရိုက်အသုံးပြုပြီး ထုတ်လုပ်သော ထုတ်ကုန်တစ်ခုကို ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသည့် အပြုအမူများကို ဆောင်ရွက်လျှင်ဖြစ်စေ ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(ခ) တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ဂ) အခန်း (၁၄) နှင့် အခန်း (၁၅) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်း၏ တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းပြုနိုင်သည်။

၅၀။ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဃ) အရ အလုပ်သမားက တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခွင့်ရှိသည့် တီထွင်မှုအပေါ်တွင် အလုပ်ရှင်သည် တစ်ဦးတည်းပိုင်မဟုတ်သော ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ရရှိစေရမည်။

၅၁။ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်း မရှိစေရ -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို စီးပွားဖြစ်မဟုတ်ဘဲ အသုံးပြုခြင်း သို့မဟုတ် ပုဂ္ဂလိက တစ်ဦးချင်းအတွက် အသုံးပြုခြင်း၊

(ခ) စမ်းသပ်လေ့လာရန် သို့မဟုတ် သုတေသနပြုရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်း၊

(ဂ) နိုင်ငံတော်၏နယ်နိမိတ်အတွင်း ယာယီအားဖြင့်ဖြစ်စေ၊ မမျှော်လင့်သောဖြစ်ရပ်ကြောင့် မတော်တဆ ဖြစ်စေ ဝင်ရောက်လာသော အခြားနိုင်ငံများမှ လေယာဉ်၊ ကုန်းလမ်းသွားယာဉ်များ သို့မဟုတ် ရေယာဉ် များပေါ်ရှိ တီထွင်မှုမူပိုင်ခွင့်နှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာတန်ဆာပလာများအား အသုံးပြုခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို လျှောက်ထားသည့်နေ့ရက်မတိုင်မီ သို့မဟုတ် ဦးစားပေး အခွင့်အရေး တောင်းဆိုသည့်နေ့ရက်မတိုင်မီ တစ်စုံတစ်ဦးမှ သဘောရိုးဖြင့် အသုံးပြုခြင်း သို့မဟုတ် ထိုသို့အသုံးပြုရန် ထိရောက်သော ပြင်ဆင်ဆောင်ရွက်မှုကို ပြုလုပ်ခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်ရရှိသူကဖြစ်စေ၊ ၎င်း၏သဘောတူညီချက်အရဖြစ်စေ ရောင်းချခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း (အစုရှယ်ယာများအဖြစ်ရောင်းချရန် စတော့အိတ်ချိန်းဈေးကွက်တွင် တင်ထားခြင်း) သို့မဟုတ် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ဈေးကွက်တွင်ရောက်ရှိနေသော တီထွင်မှု မူပိုင်ခွင့် ရရှိထားသည့် ပစ္စည်းများအား ရောင်းဝယ်ဖောက်ကားခြင်း၊

(စ) ထုတ်ကုန်တစ်ရပ်ရပ်ကို ထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့်ဆိုင်သော နိုင်ငံတော်၏ သို့မဟုတ် အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်ရပ် အရ လိုအပ်သည့်သတင်းအချက်အလက်များ ပြုစုတင်ပြခြင်းတို့နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ရရှိထားသော တီထွင်မှုကို ခိုင်လုံစွာသက်ဆိုင်သော အသုံးပြုမှုအတွက်သာ ပြုလုပ်ခြင်း၊ တည်ဆောက်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် တင်သွင်းခြင်း၊

(ဆ) မှတ်ပုံတင်ထားသော ဆေးဘက် သို့မဟုတ် သွားဘက်ဆိုင်ရာကုသရေးလုပ်ငန်း လုပ်ကိုင်နေသူ တစ်ဦးမှပေးသော ဆေးစာအညွှန်းအရ တစ်ဦးတစ်ယောက်အတွက် ဆေးဆိုင်တွင် ဆေးဝါး ဖော်စပ်ပေးခြင်းများ ပြုလုပ်ခြင်း။

၅၂။ တီထွင်မှုမူပိုင်ခွင့်ကို တစ်ဦးထက်ပိုသူများက ပိုင်ဆိုင်ပြီး ယင်းတို့အချင်းချင်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်းမရှိလျှင် -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မခွဲဝေရသေးသော တီထွင်မှု မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိသည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏ မခွဲဝေရသေးသည့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး များကို အခြားသူတစ်ဦးဦးကို လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့် ပေးခြင်းပြုနိုင်သည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်သူအား အခြားသော တီထွင်မှုမူပိုင်ခွင့် ပူးတွဲရရှိသူများ၏ သဘောတူညီချက် ရယူရန်မလိုဘဲ တရားမကြောင်းဖြင့် တရားစွဲဆိုခွင့် ရှိသည်။

(ဃ) တီထွင်မှုမူပိုင်ခွင့်ရရှိသူထံမှ အခွင့်အရေးများအား တရားဝင် ဆက်ခံရရှိသောပုဂ္ဂိုလ် သို့မဟုတ် တရားဝင် ဖွဲ့စည်းထားသောအဖွဲ့အစည်းသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

## အခန်း (၁၄)
## တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို လွှဲပြောင်းခြင်း

၅၃။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏ တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှုကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၅၄။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူကဖြစ်စေ၊ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (က) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ကဖြစ်စေ၊ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ပိုင်ဆိုင်မှု လွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် တောင်းဆိုလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၅။ တီထွင်မှုမူပိုင်ခွင့်ပေးရန် လျှောက်ထားချက် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှု၏ လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် တောင်းဆိုချက်သည် သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိရမည်။

၅၆။ တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှုမရှိစေရ။

၅၇။ နိုင်ငံတော်ရှိ မျိုးရိုးဗီဇ၊ ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှ တိုက်ရိုက်ဆင်းသက်လာသော တီထွင်မှုတစ်ခုနှင့်စပ်လျဉ်း၍ ဦးစီးဌာနသည် -

(က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၇) ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိဘဲ လျှောက်ထားသူက မှားယွင်းစွာ ချန်လှပ်၍ လျှောက်ထားခဲ့သည့် တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့ကြောင်းတွေ့ရှိလျှင် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း၏ အကျိုးအမြတ်ကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ လွှဲပြောင်းပေးရန် တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ညွှန်ကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ငန်း၏ အကျိုးအမြတ်ကို လွှဲပြောင်းရယူရန် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် ဦးစီးဌာနမှ သတ်မှတ်သည့် အဖွဲ့အစည်းတို့အား အကြောင်းကြားရမည်။

(ဂ) ပုဒ်မခွဲ (က) အရ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း၏ အကျိုးအမြတ်များကို သက်ဆိုင်ရာ အဖွဲ့အစည်းက လွှဲပြောင်းရယူပြီးနောက် တီထွင်မှုမူပိုင်ခွင့်သည် အများပြည်သူနှင့် အလွန်အမင်း သက်ဆိုင်လာလျှင်သော်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာနှင့်အေးချမ်းတည်ငြိမ်မှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းကို ရုပ်သိမ်းရမည် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ကို စွန့်လွှတ်စေရမည်။

## အခန်း (၁၅)
## ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း

၅၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဖြစ်စေ ယင်း၏မှတ်ပုံတင်ထားသော တီထွင်မှုမူပိုင်ခွင့်ကိုအသုံးပြုရန်အတွက် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည်။

၅၉။ တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိသူတို့သည် ခွင့်ပြုချက်စာတမ်းအမှတ်အသား မိတ္တူမှန်နှင့်အတူ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၆၀။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၅၉ အရ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို အလွဲသုံးစားပြုခြင်းနှင့် ယှဉ်ပြိုင်မှုကို ဆန့်ကျင်ခြင်းမရှိကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နိုင်ခြင်း မရှိကြောင်း၊ ယေဘုယျအားဖြင့် နည်းပညာကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား သို့မဟုတ်

အနှောင့်အယှက် ဖြစ်နိုင်ခြင်း မရှိကြောင်း သို့မဟုတ် အဆိုပါ အကျိုးသက်ရောက်မှု တစ်ခုခုကိုဖြစ်စေသည့် အချက်တစ်ရပ်ရပ်ပါရှိခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ထိုခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၆၁။ တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် ယင်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့က မှတ်ပုံတင်အရာရှိထံတွင် မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိက မှတ်တမ်းမှပယ်ဖျက်ပြီး ယင်းသို့ ပယ်ဖျက်ကြောင်း အများပြည်သူ သိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၆၂။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်း မရှိလျှင် ယင်းခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းသည် အကျိုးသက်ရောက်မှုမရှိစေရ။

## အခန်း (၁၆)
## မလွှဲမသွေပေးရမည့်လိုင်စင်

၆၃။ (က) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင် အဖွဲ့အစည်းတစ်ရပ်ရပ်သည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် မလွှဲမသွေပေးရမည့်လိုင်စင်ကို ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(၁) နိုင်ငံတော်၏ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန်လိုအပ်ခြင်း၊ အများပြည်သူ၏ အစာအာဟာရ၊ ကျန်းမာရေး၊ အမျိုးသားအကျိုးစီးပွား၏ အခြားသော အရေးပါသည့် အခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အလွန်အမင်း လိုအပ်လျက်ရှိခြင်း၊

(၂) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိသူမှ အသုံးပြုသည့် နည်းလမ်းသည် ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည်ဟု တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေး အဖွဲ့အစည်းက ဆုံးဖြတ်ပြီး၊ ဤပုဒ်မခွဲနှင့်အညီ တီထွင်မှုအား အသုံးပြုခြင်းသည် အဆိုပါ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့် လုပ်ရပ်အား ကုစားနိုင်မည့် အခြေအနေဖြစ်ခြင်း၊

(၃) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏သီးသန့်အခွင့်အရေးများကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူက ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ဆိုင်ရာ သီးသန့်အခွင့်အရေးများကို အလွဲသုံးစားပြုခြင်းမှ ဟန့်တားမှုမရှိဘဲ လျစ်လျူရှုထားခြင်း၊

(၄) တီထွင်မှုသည် နိုင်ငံတော်တွင် ထုတ်လုပ်ခြင်းမှသော်လည်းကောင်း၊ တင်သွင်းခြင်းမှသော်လည်းကောင်း လုံလောက်သည့်အရေအတွက် သို့မဟုတ် အရည်အသွေး သို့မဟုတ် သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် နိုင်ငံတော်တွင် မရရှိနိုင်ခြင်း၊

(၅) စီးပွားဖြစ်စေနိုင်၍ အရေးပါသော နည်းပညာအဆင့်မြင့်မှုတစ်ရပ်ပါရှိသော တီထွင်မှုအတွက် တောင်းဆိုထားသည့် ဒုတိယတီထွင်မှုမူပိုင်ခွင့်သည် ပထမတီထွင်မှု မူပိုင်ခွင့်တွင် တောင်းဆိုထားသည့်တီထွင်မှုနှင့်ဆက်စပ်နေပြီး ဒုတိယတီထွင်မှုမူပိုင်ခွင့်သည် ပထမတီထွင်မှု မူပိုင်ခွင့်အား အသုံးမပြုဘဲ မဆောင်ရွက်နိုင်ခြင်း။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားလာသော လျှောက်ထားတောင်းဆိုချက်ကို စိစစ်၍ ကော်မတီသို့ တင်ပြရမည်။ ဦးစီးဌာန၏တင်ပြချက်အပေါ် ကော်မတီသည် နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၆၄။ (က) ကော်မတီသည် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ တောင်းဆိုချက်အပေါ် နှစ်ဖက်စလုံးမှဖြစ်စေ၊ တစ်ဖက်တည်းမှဖြစ်စေ ကြားနာရန် ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီးနောက် မလွှဲမသွေ ပေးရမည့်လိုင်စင် ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ရသော အခြေအနေများသည် ရပ်စဲသွားလျှင်

သို့မဟုတ် ထပ်မံဖြစ်ပွားဟန် မရှိတော့လျှင်သော်လည်းကောင်း၊ အသုံးပြုခွင့်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ယင်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပေါ်ပေါက်ခဲ့လျှင်သော်လည်းကောင်း ယင်းလိုင်စင်ကို ရုပ်သိမ်းရမည်။

( ခ ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဖော်ပြစေကာမူ ကော်မတီသည် အသုံးပြုခွင့်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ တရားဝင် အကျိုးစီးပွားအား လုံလောက်သော အကာအကွယ်ပေးရန် လိုအပ်ချက်သည် ယင်းလိုင်စင်ကို ဆက်လက်အသုံးပြုခွင့်ပေးရန် ဆုံးဖြတ်ချက်နှင့် ညီညွတ်မျှတသည်ဟုယူဆလျှင်သော်လည်းကောင်း၊ ပုဒ်မ ၆၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သောလုပ်ရပ်ကို ကုစားနိုင်ရန် ထုတ်ပေးထားသော လိုင်စင်ဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ မလွဲမသွေပေးရမည့် လိုင်စင်ထုတ်ပေးရန်အခြေအနေများ ထပ်မံဖြစ်ပွားဟန်ရှိလျှင်သော်လည်းကောင်း အဆိုပါလိုင်စင်ကို ရုပ်သိမ်းခြင်းမပြုရ။

၆၅။ မလွဲမသွေပေးရမည့်လိုင်စင်သည် သီးသန့်အခွင့်အရေး မရရှိနိုင်သောလိုင်စင်ဖြစ်သဖြင့် အောက်ပါအချက်များတွင် အသုံးပြုခွင့်မရှိစေရ -

( က ) တီထွင်မှုမူပိုင်ခွင့်ရရှိသူကိုယ်တိုင် နိုင်ငံတော်တွင် ထုတ်လုပ်ရာတွင်ဖြစ်စေ၊ တင်သွင်းရာတွင်ဖြစ်စေ၊ နှစ်ရပ်စလုံးတွင်ဖြစ်စေ ယင်း၏တီထွင်မှုကို အသုံးပြုခြင်း၊

( ခ ) တီထွင်မှုမူပိုင်ခွင့်ရရှိသူမှ ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးရန် သဘောတူစာချုပ်များအား ချုပ်ဆိုခြင်း၊

( ဂ ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဒ်မ ၄၉ တွင် ပါရှိသော ယင်း၏အခွင့်အရေးများအား ဆက်လက်ကျင့်သုံးခြင်း။

၆၆။ ဦးစီးဌာနသည် ပုဒ်မ ၆၃ အရ မလွဲမသွေ ပေးရမည့်လိုင်စင်ထုတ်ပေးသည့်အခါ -

( က ) ထိုသို့လိုင်စင်ထုတ်ပေးကြောင်း သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ဖြစ်နိုင်သရွေ့ ဆောလျင်စွာ အကြောင်းကြားရမည်။

( ခ ) လိုင်စင်ရရှိသူက တီထွင်မှုမူပိုင်ခွင့်ရရှိသော တီထွင်မှုကို စတင်အသုံးပြုရမည့်နေ့ရက်၊ လိုင်စင်သက်တမ်းအစရှိသည့် လိုင်စင်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ပေးအပ်ရမည့်နစ်နာကြေးကို ကော်မတီက သတ်မှတ်ပေးသည့်အတိုင်း ထည့်သွင်းဖော်ပြပေးရမည်။

၆၇။ ( က ) တူညီသောဆေးဝါးထုတ်ကုန်ကို ပြုလုပ်ရန် အခြားနည်းစဉ်တစ်ခုကို မသိရှိနိုင်သော သို့မဟုတ် မရရှိနိုင်သောအခြေအနေတွင် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်ကုန်ကို ထုတ်လုပ်သည့် ထုတ်လုပ်မှုနည်းစဉ်တစ်ခုအတွက် တောင်းဆိုထားသော တီထွင်မှုမူပိုင်ခွင့်တစ်ခုအား မလွဲမသွေပေးရမည့်လိုင်စင်ကို တောင်းဆိုလျှောက်ထားခြင်းအတွက် နစ်နာကြေးကို ဆုံးဖြတ်ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အထွေထွေကောင်စီ၏ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည့် စည်းကမ်းချက်များအတိုင်း ကျင့်သုံးရမည်။

( ခ ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက်မှ လေးနှစ် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုသည့်နေ့ရက်မှ သုံးနှစ်မတိုင်မီ ကာလများအနက် ပို၍နောက်ကျသည့် ကာလအတွင်းတွင် ပုဒ်မ ၆၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) တွင် ဖော်ပြထားသကဲ့သို့ တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်ကုန် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်မှ ထုတ်လုပ်သည့် ထုတ်ကုန်ကို လုံလောက်စွာ မထုတ်လုပ်နိုင်သည့် အကြောင်းပြချက်ဖြင့် မလွဲမသွေပေးရမည့် လိုင်စင်တစ်ရပ်ကို လျှောက်ထားခြင်းမပြုနိုင်။ ထို့အပြင် တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏ မလုပ်ဆောင်နိုင်မှု သို့မဟုတ် လုံလောက်အောင် မဆောင်ရွက်နိုင်မှုအပေါ်တွင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ခုခံချေပနိုင်ပါက အဆိုပါလျှောက်ထားချက်ကို ငြင်းဆိုရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ကို အသုံးချခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ တောင်းဆိုချက်အပေါ်တွင် ကော်မတီသည် နှစ်ဖက်စလုံးမှဖြစ်စေ၊ တစ်ဖက်တည်းကဖြစ်စေ ကြားနာရန်ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီး တီထွင်မှုမူပိုင်ခွင့်ကို တရားဝင်အသုံးချခွင့်ပြုသည့် ဆုံးဖြတ်ချက်ပါ သတ်မှတ်ချက်များအား ပြောင်းလဲသွားသော အခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည့် အတိုင်းအတာအထိ ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဃ) မလွဲမသွေပေးရမည့်လိုင်စင်ကို လိုင်စင်ရပုဂ္ဂိုလ်၏ စီးပွားရေးလုပ်ငန်း သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုအား အသုံးပြုနေသည့် စီးပွားရေးလုပ်ငန်းအခွဲများကိုသာ လွှဲပြောင်းပေးအပ်နိုင်သည်။

၆၈။ (က) ပုဒ်မ ၆၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ မလွဲမသွေပေးရမည့်လိုင်စင်လျှောက်ထားရာတွင် တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်းလိုင်စင်လျှောက်ထားသူထံမှ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးရန် တောင်းဆိုချက်ကို လက်ခံရရှိသော်လည်း အဆိုပါလျှောက်ထားသည့် ပုဂ္ဂိုလ်သည် သင့်လျော်သောအချိန်အတွင်း သင့်လျော်သောကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စည်းကမ်းချက်များပါရှိသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိခဲ့ခြင်းမရှိကြောင်း သက်သေခံအထောက်အထားကို ပူးတွဲတင်ပြရမည်။

(ခ) နိုင်ငံတော်အတွက်အရေးတကြီးလိုအပ်သောကိစ္စရပ်များ သို့မဟုတ် အလွန်အမင်းဆောလျင်စွာ ဆောင်ရွက်ရန် လိုအပ်သည့် အခြားသော အခြေအနေများ သို့မဟုတ် စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူအတွက် အသုံးပြုသည့် ကိစ္စရပ်များ သို့မဟုတ် တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ဆုံးဖြတ်ထားသော ယှဉ်ပြိုင်မှုကိုဆန့်ကျင်သော လုပ်ငန်းများအားကုစားရန် လိုင်စင်ပေးအပ်သည့်အခါများတွင် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ယခင် ကြိုးပမ်းမှုနှင့်ပတ်သက်သည့် သက်သေခံအထောက်အထားများ ပူးတွဲတင်ပြရန်မလို။

၆၉။ ကော်မတီက လိုင်စင်ထုတ်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တီထွင်မှုကိုအသုံးပြုခြင်းသည် ပုဒ်မ ၆၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့်လုပ်ရပ်အား ကုစားရန် ခွင့်ပြုပေးထားသောအခါ သို့မဟုတ် မလွဲမသွေပေးရမည့်လိုင်စင်သည် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်ကုန်များကို ထုတ်လုပ်သော ထုတ်လုပ်မှုနည်းစဉ်တစ်ခုကို တောင်းဆိုထားသည့် တီထွင်မှုမူပိုင်ခွင့်တစ်ခုနှင့်သက်ဆိုင်နေပြီး လိုင်စင်ထုတ်ပေးရသည့် ရည်ရွယ်ချက်သည် ထုတ်လုပ်နိုင်မှု စွမ်းရည်မရှိသော သို့မဟုတ် ထုတ်လုပ်ရန် စွမ်းရည်မပြည့်မီသောနိုင်ငံ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ နယ်နိမိတ်အတွင်းသို့ အဆိုပါထုတ်ကုန်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အထွေထွေကောင်စီ၏ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ ရက်စွဲပါ ဆုံးဖြတ်ချက်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်ပို့ရန်ဖြစ်သည့်အခါတို့မှတစ်ပါး အဓိကအားဖြင့် နိုင်ငံတော်၏ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဖြစ်ရမည်။

၇၀။ ပုဒ်မ ၆၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) အရ မလွဲမသွေပေးရမည့်လိုင်စင် ခွင့်ပြုသည့်အခါ -

(က) ပထမတီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ဒုတိယတီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသော တီထွင်မှုများကို သင့်လျော်သော စည်းကမ်းသတ်မှတ်ချက်များဖြင့် အပြန်အလှန် အသုံးပြုခွင့်လိုင်စင်ရရှိစေရမည်။

(ခ) ဒုတိယတီထွင်မှုမူပိုင်ခွင့်ကို လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းမှအပ ပထမတီထွင်မှုမူပိုင်ခွင့်အား ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်းကို လွှဲအပ်လုပ်ကိုင်ခွင့် မရှိစေရ။

၇၁။ မလွဲမသွေပေးရမည့်လိုင်စင်ခွင့်ပြုပေးရန် တောင်းဆိုချက် သို့မဟုတ် နစ်နာကြေးဆိုင်ရာ ဆုံးဖြတ်ချက်အပါအဝင် ယင်းလိုင်စင် ခွင့်ပြုချက်နှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်အား မကျေနပ်သူသည် တရားရုံးသို့ လျှောက်ထားနိုင်သည်။

## အခန်း (၁၇)
## တီထွင်မှုမူပိုင်ခွင့်ကို ပြန်လည်အပ်နှံခြင်းနှင့် ရုပ်သိမ်းခြင်း

၇၂။ တီထွင်မှုမူပိုင်ခွင့် ရရှိသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်ကို ယင်း၏ဆန္ဒအလျောက် ဦးစီးဌာနတွင် ပြန်လည်အပ်နှံနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ကို တစ်ဦးထက်ပိုသူများ ပူးတွဲရရှိထားခြင်းဖြစ်ပြီး ယင်းတို့အချင်းချင်း အခြားနည်းဖြင့် သဘောတူညီချက်တစ်စုံတစ်ရာမရှိလျှင် ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူ အားလုံး၏သဘောတူညီချက်ဖြင့် တီထွင်မှုမူပိုင်ခွင့်ကို ဦးစီးဌာနတွင် ပြန်လည်အပ်နှံနိုင်သည်။

၇၃။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ပြန်လည်အပ်နှံခြင်းကို စိစစ်၍ ယင်းသို့ပြန်လည်အပ်နှံကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး အများပြည်သူသိရှိစေရန် သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၇၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသော တီထွင်မှုမူပိုင်ခွင့်သည် ပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် အများကို ထိခိုက်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် အဆိုပါ တီထွင်မှုမူပိုင်ခွင့်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ရုပ်သိမ်းရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၇၅။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားချက်အရ တီထွင်မှုမူပိုင်ခွင့်သည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက တီထွင်မှုမူပိုင်ခွင့် တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ရုပ်သိမ်းနိုင်သည် -

(က) တီထွင်မှုသည် ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တို့အရ တီထွင်မှုမူပိုင်ခွင့်ရနိုင်သော တီထွင်မှု မဟုတ်ကြောင်း ပေါ်ပေါက်ခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်ကိုရခွင့်ရှိသူ မဟုတ်ကြောင်း ခိုင်လုံသော သက်သေခံ အထောက်အထား ပေါ်ပေါက်ခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တွင် ပြင်ဆင်မှုများသည် ဖော်ပြချက်ကို ထုတ်ပြန်ကြေညာခဲ့စဉ်က မူလလျှောက်ထားချက်တွင် တောင်းဆိုထားသည့် အရာများထက် ကျော်လွန်နေကြောင်း တွေ့ရှိခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ဖြစ်စေ၊ သတ်မှတ်ထားသည့် အရေးပါသော သတင်းအချက်အလက်တစ်ရပ်ရပ်ကို ချန်လှပ်၍ဖြစ်စေ ရယူထားကြောင်း ပေါ်ပေါက်ခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်တွင် တောင်းဆိုထားသော တီထွင်မှုကို ဦးစားပေး နေ့ရက် မတိုင်မီ လျှို့ဝှက်စွာ အသုံးပြုထားခြင်း၊

(စ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လိုအပ်သောသတင်းအချက်အလက်များကို မှတ်ပုံတင် အရာရှိထံ ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် သတင်းအချက်အလက်များကို မှားယွင်းစွာ ဖော်ပြထားခြင်း၊

(ဆ) တီထွင်မှုမူပိုင်ခွင့်ရုပ်သိမ်းပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ တရားရုံး၏ အပြီးသတ် ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်ကို လက်ခံရရှိခြင်း။

၇၆။ မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ပါက တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်အား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည် -

(က) လျှောက်ထားသူသည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ လျှို့ဝှက်ထားရှိရန် အမိန့်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ဂ) ကို ဖောက်ဖျက်၍ အခြားနိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခြင်း၊

(ခ) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) အရ အခကြေးငွေပေးသွင်းထားမှုမရှိခြင်းကြောင့် ပျက်ပြယ်ခြင်း၊

(ဂ) တီထွင်မှုတွင် အသုံးပြုထားသော မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှဆင်းသက်လာသော တီထွင်မှုတွင် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၇) ပါ အတိုင်း သတ်မှတ်ဖော်ပြမထားခြင်း သို့မဟုတ် မမှန်မကန် ဖော်ပြထားခြင်း။

၇၇။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ကို ရုပ်သိမ်းပါက ယင်းသို့ရုပ်သိမ်းကြောင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ထံအကြောင်းကြား၍ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ အဆိုပါရုပ်သိမ်းခြင်းကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၈)
## အသေးစားတီထွင်မှု

၇၈။ (က) အသေးစားတီထွင်မှုတစ်ခုသည် အသစ်ဖြစ်ရမည်ဖြစ်ပြီး စက်မှုလက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ပါက အသေးစားတီထွင်မှုမူပိုင်ခွင့်အဖြစ် မှတ်ပုံတင် လျှောက်ထားနိုင်သည်။

(ခ) အောက်ပါတို့သည် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ် မရရှိစေရ -

(၁) ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊

(၂) ဓာတု၊ ဆေးဝါး၊ ဇီဝ၊ သတ္တုဆိုင်ရာအရာဝတ္ထုများ သို့မဟုတ် ဒြပ်ပေါင်းများ သို့မဟုတ် အခြားသောအရာဝတ္ထုများ သို့မဟုတ် ဒြပ်ပေါင်းများ၊

(၃) ဤဥပဒေနှင့်အညီ တီထွင်မှုမူပိုင်ခွင့်အကာအကွယ်ပေးခြင်းမှ တားမြစ်ထားသောအရာများနှင့်

(၄) ပန်းပု၊ ဗိသုကာလက်ရာများ သို့မဟုတ် သဘာဝအတိုင်းတည်ရှိနေသော အလှအပအဆင်တန်ဆာများ။

(ဂ) အသေးစားတီထွင်မှုဆိုင်ရာ ဖော်ပြချက်သည် သက်ဆိုင်ရာနည်းပညာနယ်ပယ်ရှိ သာမန်တတ်ကျွမ်းသူတစ်ဦးမှ အဆိုပါ အသေးစားတီထွင်မှုကို ဆက်လက်ပြုလုပ်နိုင်သည်အထိ ပြည့်စုံရှင်းလင်းစွာ ဖော်ပြရမည်ဖြစ်ပြီး အထူးသဖြင့် အရာဝတ္ထု၏ အသုံးဝင်မှု သို့မဟုတ် လုပ်ဆောင်ချက်များအား မည်သို့မြှင့်တင်ပေးထားသည်ကို ဖော်ပြရမည်။

(ဃ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအား မထိခိုက်စေဘဲ တီထွင်မှုမူပိုင်ခွင့်များနှင့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းများဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသေးစားတီထွင်မှု မူပိုင်ခွင့် ခွင့်ပြုရန် လိုအပ်သည့် နေရာများတွင် အသုံးပြုနိုင်သည်။

၇၉။ အသေးစားတီထွင်မှုမူပိုင်ခွင့်သက်တမ်းသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့် နေ့ရက်မှ ၁၀ နှစ်ဖြစ်သည်။

၈၀။ စစ်ဆေးရေးအရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) ပုဒ်မ ၂ ပုဒ်မခွဲ (ဈ) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုရှိ မရှိ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၇၈၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်များကို မှတ်ပုံတင်အရာရှိထံ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း မရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိပါက မှတ်ပုံတင်အရာရှိထံ တင်ပြပြီး အဆိုပါလျှောက်ထားချက်ကို စွန့်လွှတ်သည်ဟု မှတ်ယူ၍ ရုပ်သိမ်းရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ သတ်မှတ်သည့် အချိန်ကာလအတွင်း လျှောက်ထားချက်တွင် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များ လက်ခံရရှိပါက စိစစ်၍ လျှောက်ထားချက်ကို မှတ်ပုံတင် အရာရှိထံ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၈၁။ မှတ်ပုံတင်အရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တစ်ရပ်နှင့်စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်သော လျှောက်ထားချက်များကို အများပြည်သူသိရှိနိုင်ရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၈၂။ (က) အသေးစားတီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ခိုင်လုံသော သက်သေခံအထောက်အထားများဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့် အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) စစ်ဆေးရေးအရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်၊ ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့် အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၈၃။ မှတ်ပုံတင်အရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်လွှာ တင်သွင်းခြင်း မရှိပါက အဆိုပါ အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာတင်သွင်းလာပါက ကန့်ကွက်ချက်၊ စစ်ဆေးရေးအရာရှိ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့လျှင် လျှောက်ထားသူအား အသေးစားတီထွင်မှုမူပိုင်ခွင့် လက်မှတ်ကို ထုတ်ပေးရမည်။

၈၄။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ လျှောက်ထားချက်အရ အသေးစားတီထွင်မှုမူပိုင်ခွင့်သည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက အဆိုပါ အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ရုပ်သိမ်းခြင်းပြုနိုင်သည် -

(က) ပုဒ်မ ၇၈၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ပါ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် အသေးစားတီထွင်မှုမူပိုင်ခွင့်အား ရခွင့်ရှိသူမဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်ခြင်း။

၈၅။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုမီ မည်သည့်အချိန်တွင်မဆို သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မူလလျှောက်ထားချက် လျှောက်ထားသည့်နေ့ရက်ကို လျှောက်လွှာတင်သွင်းသည့် နေ့ရက်အဖြစ်မှတ်ယူပြီး အသေးစား တီထွင်မှုမူပိုင်ခွင့်အဖြစ် ပြောင်းလဲလျှောက်ထားနိုင်သည်။

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းပြီး မူလလျှောက်ထားသည့်နေ့ရက်ကို လျှောက်လွှာတင်သွင်းသည့် နေ့ရက်အဖြစ် မှတ်ယူပြီး တီထွင်မှုမူပိုင်ခွင့်အဖြစ် ပြောင်းလဲလျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို တစ်ကြိမ်ထက်ပို၍ ပြောင်းလဲခြင်းမပြုရ။

၈၆။ လျှောက်ထားသူသည် တူညီသော တီထွင်မှုတစ်ခုအတွက် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တို့ကို တစ်ပြိုင်နက်တည်းဖြစ်စေ၊ တစ်ခုပြီးမှ တစ်ခုဖြစ်စေ အပြိုင်လျှောက်ထားခြင်း မပြုရ။

## အခန်း (၁၉)
## အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်း

၈၇။ အပြည်ပြည်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားလိုသူများသည် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်စနစ်ကို ကျင့်သုံးလိုပါက သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၈၈။ ဦးစီးဌာနသည် နိုင်ငံတော်အား ဖော်ပြလျှောက်ထားသော အပြည်ပြည်ဆိုင်ရာ လျှောက်ထားချက်တစ်ခုကို တီထွင်မှုမူပိုင်ခွင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ ခွင့်ပြုသော အပြည်ပြည်ဆိုင်ရာ လျှောက်ထားသည့်နေ့ရက်အား နိုင်ငံတော်တွင် လျှောက်ထားသည့်နေ့ရက်အဖြစ် သတ်မှတ်ပြီး ဤဥပဒေအရ လျှောက်ထားသော တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တစ်ခုအဖြစ် မှတ်ယူရမည်။

၈၉။ ဦးစီးဌာနသည် မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် နေထိုင်သူတစ်ဦးက အပြည်ပြည်ဆိုင်ရာ လျှောက်ထားချက်တစ်ခု တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လျှောက်လွှာလက်ခံသည့်ရုံးအဖြစ် ဆောင်ရွက်ရမည်။

၉၀။ ဦးစီးဌာနသည် ဤဥပဒေအရ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု အကာအကွယ်ကို ရရှိရန် နိုင်ငံတော်ကို ဖော်ပြလျှောက်ထားလာသော အပြည်ပြည်ဆိုင်ရာ လျှောက်ထားချက်တစ်ခုနှင့် စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ရန် သတ်မှတ်ထားသည့်ရုံးအဖြစ် ဆောင်ရွက်ရမည်။

## အခန်း (၂၀)
## အယူခံခြင်း

၉၁။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

၉၂။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် တရားရုံးသို့ အယူခံလျှောက်ထားနိုင်သည်။

## အခန်း (၂၁)
## တရားရုံးတည်ထောင်ခြင်း

၉၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သော နယ်မြေဒေသတွင် တရားရုံးများကို တည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့် တရားသူကြီးများအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ တရားရုံးများကို တည်ထောင်ခြင်းမပြုမီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် အပ်နှင်းသည့်တရားရုံးအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) တရားရုံးများက ချမှတ်သောစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများအား စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ညွှန်ကြားရေးမှူးချုပ်က ချမှတ်သော ဆုံးဖြတ်ချက်အပေါ် အယူခံမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

## အခန်း (၂၂)

## တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍တရားရုံး၏ လုပ်ပိုင်ခွင့်များ

၉၄။ (က) နစ်နာသူ မည်သူမဆို ပုဒ်မ ၉၅ နှင့် ပုဒ်မ ၉၆ တို့ပါ ပြဋ္ဌာန်းချက်များအရ ယာယီအရေးယူ ဆောင်ရွက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) နစ်နာသူ မည်သူမဆို တရားမကြောင်းအရ အရေးယူဆောင်ရွက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

၉၅။ (က) တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပုဒ်မ ၉၄၊ ပုဒ်မခွဲ (က) အရ လျှောက်ထားလာပါက အောက်ပါ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(၁) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ရှင်းလင်းပြီးသည့် သွင်းကုန်ပစ္စည်းများ အပါအဝင် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် ကာကွယ်တားဆီးရန်အတွက် သင့်သည် ထင်မြင်သည့်အမိန့်၊

(၂) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော သက်သေခံ အထောက်အထားများကို မူလအခြေအနေမပျက် ထိန်းသိမ်းထားရန်အတွက် သင့်သည် ထင်မြင်သည့်အမိန့်။

(ခ) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားသူထံမှ အောက်ပါတို့ကို တောင်းဆိုနိုင်သည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ယင်း၏အခွင့်အရေးကို ထိပါးချိုးဖောက် နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ခိုင်လုံသေချာစေရန်အလို့ငှာ သင့်လျော်လုံလောက်သည့် မည်သည့်သက်သေခံ အထောက်အထားများကိုမဆို တင်ပြစေခြင်း၊

(၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက်သည့် အာမခံတင်သွင်းစေခြင်း။

(ဂ) တရားရုံးက ထုတ်ပြန်ထားသောအမိန့်အရ ယာယီအရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် တရားရုံးသည် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ်လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကို အပြီးအပြတ်ဆုံးဖြတ်နိုင်ရန်အတွက် တရားမကြောင်းအရ တရားစွဲဆိုခြင်းကို တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက် သို့မဟုတ် ပြက္ခဒိန်ရက် ရက်ပေါင်း ၃၁ ရက်တို့အနက် ပိုမိုကြာမြင့်သည့် အချိန်ကာလထက်မပိုသော အချိန်အတွင်း တရားစွဲဆိုမှုကို စတင်ဆောင်ရွက်ခဲ့ခြင်း မရှိလျှင် ပုဒ်မ ၉၆၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၉၆၊ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(င) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါအရေးယူဆောင်ရွက်ချက်များကြောင့်ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်မျှတသောလျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၉၆။ (က) တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်သတ်ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကိုဖြစ်စေတန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကို ဖျက်ဆီးခံရမည့် အန္တရာယ်ကျရောက်မည်ဟု စိုးရိမ်ဖွယ်ရာရှိခြင်း။

(ခ) တရားရုံးသည် တစ်ဖက်သတ်ယာယီအရေးယူဆောင်ရွက်ရာတွင် -

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) တရားရုံးကသတ်မှတ်သည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် အကြောင်းကြားစာထုတ်ပြန်သည့်နေ့မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက်အတွင်း အကြောင်းကြားခံရသူကလိုက်နာခြင်းမရှိလျှင် ယင်းအရေးယူဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(၃) ယင်းအရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့်ကာလအတွင်း ဆောင်ရွက်ရမည်။

၉၇။ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဆိုင်ရာ ဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ တရားရုံးသည် အောက်ပါအမိန့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) အကောက်ခွန်ရှင်းလင်းပြီး တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ထားသည့် တင်သွင်းလာသော ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် ကာကွယ်တားဆီးခြင်းအပါအဝင် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုကို ရပ်ဆိုင်းရန်အတွက် သင့်သည် ထင်မြင်သည့်အမိန့်၊

(ခ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ပေးလျော်ရန် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံ လုံလောက်သော နစ်နာကြေး ပေးဆောင်ရန်အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သော ကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ်တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူက ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်စလုံးကိုဖြစ်စေ ပြန်လည်ပေးစေရန်အမိန့်၊

(ဂ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သောကုန်ကျစရိတ်များကို ပေးဆောင်စေရန်အမိန့်။

၉၈။ (က) တရားရုံးသည် အခွင့်အရေးရရှိသူ၏ လျှောက်ထားချက်အပေါ် တရားမလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိပါးချိုးဖောက်မှုအတွက် အပြီးသတ် ဆုံးဖြတ်ချက်အမိန့်ချမှတ်ရာ၌ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းချမှတ်နိုင်သည် -

(၁) ထိပါးချိုးဖောက်ကြောင်း တွေ့ရှိသည့် ကုန်ပစ္စည်းများကို ဖျက်ဆီးခြင်း သို့မဟုတ် ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် တားမြစ်စေခြင်းနှင့်

(၂) ထပ်မံထိပါးချိုးဖောက်မှုကိုလျော့နည်းစေရေးအတွက် လျော်ကြေးတစ်စုံတစ်ရာပေးဆောင်ခြင်းမရှိဘဲ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖန်တီးရာတွင် အဓိကအသုံးပြုသော ပစ္စည်းများ သို့မဟုတ် ကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် အပြီးအပြတ် ဖယ်ရှားခြင်း။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က) အရ မိမိဆင်ခြင်တုံတရားကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) တားမြစ်မိန့်ချမှတ်ခြင်းကြောင့် ရရှိမည့် အကျိုးသက်ရောက်မှု၊

(၂) ဖျက်ဆီးမှုဆောင်ရွက်ခြင်းဖြင့် ထိပါးချိုးဖောက်မှုအတိုင်းအတာနှင့် အချိုးကျ ကိုက်ညီမှု၊

(၃) ဖျက်ဆီးပုံ၊ ဖျက်ဆီးနည်းသည် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့်

(၄) အခြားပုဂ္ဂိုလ်များ၏ တရားဝင်အကျိုးစီးပွားထိခိုက်မှု။

၉၉။ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် တရားပြိုင်အား လျှောက်ထားသူက လျော်ကြေးပေးဆောင်ရမည့်အပြင် တရားပြိုင်၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူက ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

၁၀၀။ (က) တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများကို ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် တီထွင်မှုမူပိုင်ခွင့်ပါ အကြောင်းအရာသည် ထုတ်ကုန်ပစ္စည်းတစ်ခုကိုရရှိနိုင်သည့် ထုတ်လုပ်မှုနည်းစဉ်တစ်ရပ်ဖြစ်ပါက ထပ်တူညီသော ထုတ်ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်ရာ၌ အသုံးပြုသော ထုတ်လုပ်မှုနည်းစဉ်သည် တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်နှင့် ကွဲပြားခြားနားကြောင်း သက်သေပြရန် တရားပြိုင်အား အမိန့်ချမှတ်နိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိထားသောနည်းစဉ်ဖြင့် ထုတ်လုပ်ထားသော ထုတ်ကုန်သည် အသစ်ဖြစ်လျှင် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ထားသည့် တူညီသောမည်သည့်ထုတ်ကုန်ပစ္စည်းကိုမဆို ဆန့်ကျင်ကွဲလွဲသည့်သက်သေ မပြနိုင်လျှင် တီထွင်မှုမူပိုင်ခွင့်ရရှိထားသောနည်းစဉ်ဖြင့် ထုတ်လုပ်ထားသည်ဟု မှတ်ယူရမည်။

(ဂ) တရားရုံးသည် ယင်း၏ရှေ့မှောက်၌ စွဲဆိုလာသော တရားစွဲဆိုမှုများအတွက် ပုဒ်မခွဲ (က) အရ သက်သေခံအထောက်အထားတင်ပြရန် တောင်းခံရာတွင် ချိုးဖောက်ကျူးလွန်သည်ဟု

စွပ်စွဲခံရသည့် တရားပြိုင်က ယင်း၏ ထုတ်လုပ်မှုနည်းစဉ်များနှင့် စီးပွားရေးဆိုင်ရာ လျှို့ဝှက်ချက်များကို ထုတ်ဖော်ပြသခြင်း မရှိခဲ့လျှင် ထိုသူ၏ တရားဝင်အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားရမည်။

၁၀၁။ (က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာအထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်စပ်ဆိုင်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာ ဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်၌ ထိခိုက်နစ်နာသူနှင့်ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ယင်းတို့၏အပြန်အလှန် စွပ်စွဲငြင်းဆိုသည့် အချက်များအပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်း စသည့်ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်။

၁၀၂။ တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးနှင့်စပ်လျဉ်း၍ ထိပါးချိုးဖောက်သောကုန်ပစ္စည်းများကို ဖြန့်ဖြူးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အခြားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားစေရန် ထိပါးချိုးဖောက်သူအပေါ် အမိန့်ချမှတ်နိုင်သည်။

၁၀၃။ တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရန် ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် တရားမကျင့်ထုံးဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## **အခန်း (၂၃)**

## **ပြစ်ဒဏ်များ**

၁၀၄။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀ သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) တီထွင်မှုမူပိုင်ခွင့်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်အတူ တီထွင်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ထုတ်ပြန်ကြေညာခြင်းမပြုမီ သတ်မှတ်သည့်ကာလအတွင်း၌ မသက်ဆိုင်သူအား ခွင့်ပြုချက်မရှိဘဲပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း၊

(ဃ) တီထွင်မှုဆိုင်ရာအသေးစိတ်အချက်အလက်များကို သက်ဆိုင်မှုမရှိသူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

၁၀၅။ မည်သူမဆို ထုတ်ကုန်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက် တင်သွင်းထားခြင်း မရှိဘဲဖြစ်စေ၊ တင်သွင်းထားခဲ့သည့် လျှောက်ထားချက်ကို ငြင်းပယ်ခံထားရလျက်ဖြစ်စေ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို တင်သွင်းထားသည်ဟုလည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့်ရရှိခြင်းမရှိဘဲ တီထွင်မှုမူပိုင်ခွင့် ရရှိပြီးဖြစ်သည်ဟုလည်းကောင်း တစ်နည်းနည်းဖြင့် မမှန်မကန်ဖော်ပြကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀ သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၀၆။ မည်သူမဆို တရားရုံးက ပုဒ်မ ၁၀၂ အရ ချမှတ်သောအမိန့်ကိုလိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

## အခန်း (၂၄)
## အထွေထွေ

၁၀၇။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ တီထွင်မှုမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၁၀၈။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ယင်းကိုအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆင်ခြင်တုံ တရားဖြင့်ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက ထိုသူကို တင်ပြကြားနာခွင့် ပေးရမည်။

၁၀၉။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော တီထွင်မှုမူပိုင်ခွင့် လက်မှတ်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာ တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၁၁၀။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော တရားမမှုများတွင် သက်သေခံပစ္စည်းသည် တရားရုံးရှေ့ တင်ပို့ရန် မလွယ်ကူပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်း ထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားသက်သေခံစာရွက်စာတမ်း အထောက်အထား များကို တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့တွင် သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာ တရားရုံးက ဤဥပဒေနှင့်အညီ အဆိုပါပစ္စည်းကို စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

၁၁၁။ လျှောက်ထားသူ အမြဲတမ်းနေထိုင်သည့်နေရာ သို့မဟုတ် လုပ်ငန်းတည်ရှိရာ ပင်မနေရာသည် နိုင်ငံတော်၏ နယ်နိမိတ်ပြင်ပတွင်ဖြစ်ပါက ဦးစီးဌာနက သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မှတ်ပုံတင် ထားသော တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေမှတစ်ဆင့် ဤဥပဒေပါပြဋ္ဌာန်းချက်များ အတိုင်း တီထွင်မှုမူပိုင်ခွင့် လျှောက်ထားနိုင်သည်။

၁၁၂။ တီထွင်ထားသည့် ထုတ်ကုန်နှင့် ထုတ်လုပ်မှုနည်းစဉ်တို့သည် ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို ရှိစေကာမူ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအဖြစ် မှတ်ယူရမည်။

၁၁၃။ ဤဥပဒေပါ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးကို ထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က စီးပွားရေးအလို့ငှာမဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ် အခြေအနေနှင့် အများပြည်သူဘေးအန္တရာယ်ကိစ္စများတွင် တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ကုန်ပစ္စည်း တစ်ခုခုကို အများပြည်သူအကျိုးငှာ အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၁၄။ တီထွင်မှုမူပိုင်ခွင့် အငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့်အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၁၁၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် -

(၁) နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၅၁၇/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ချမ်းမြသာစည်မြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဦးကျော်စွာလင်း (တ/၂၈၁၃) အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၅၁၈/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးမျိုးကျော်အောင်<br>တ/၂၆၀၅ | လှိုင်သာယာ<br>ရန်ကုန်တိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၂။ | ဒေါ်နန်းကိန်ခမ်း<br>တ/၂၈၆၁ | ကျောက်ဆည်<br>မန္တလေးတိုင်းဒေသကြီး |
| ၃။ | ဒေါ်ဝင်းဝင်းအေး<br>တ/၂၉၄၈ | လားရှိုး<br>ရှမ်းပြည်နယ် |
| ၄။ | ဦးထွန်းကျော်<br>တ/၃၀၀၈ | ရေဖြူ<br>တနင်္သာရီတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၅၁၉/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးထွန်းနိုင်ဝင်း<br>တ/၂၈၇၈ | မိုးကုတ်<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဦးနေမျိုးဗိုလ်<br>တ/၂၇၂၀ | ဇလွန်<br>ဧရာဝတီတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

အမှတ် ၂၀၂/၂၀၁၇ ။ ။ နယူးယောက်မြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်း အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဂျမေကာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

အမှတ် ၂၀၃/၂၀၁၇ ။ ။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ယု အား ၂၀၁၇ ခုနှစ်၊ မေလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး၊ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃၊ အပိုဒ်ခွဲ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်)

အမှတ် ၂၄၀/၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး/ပထမအတွင်းဝန်များအား ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ဒုတိယညွှန်ကြားရေးမှူး/သံမှူးများအဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန |
|---|---|---|
| ၁။ | ဦးသန့်စင်ဦး | ဝန်ကြီးရုံး |
| ၂။ | ဒေါ်ဖူးပွင့်ကိုကို | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန |
| ၃။ | ဦးဝမ်းကိုကို | ဝန်ကြီးရုံး |
| ၄။ | ဒေါ်ဇင်ရှန်ဟုန် | နိုင်ငံရေးရာဦးစီးဌာန |
| ၅။ | ဒေါ်သန္တာထွဏ်းကြည် | မြန်မာသံရုံး၊ ပေကျင်းမြို့ |
| ၆။ | ဒေါ်ပွင့်ကေခိုင် | နိုင်ငံရေးရာဦးစီးဌာန |
| ၇။ | ဒေါ်အိမွန်ဆွေ | ဝန်ကြီးရုံး |
| ၈။ | ဦးညဏ်လင်းအောင် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၉။ | ဒေါ်ဝင့်မွန်ထွန်း | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၁၀။ | ဒေါ်တင်မာလာမြင့် | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန |
| ၁၁။ | ဒေါ်သီရိအောင် | အာဆီယံရေးရာဦးစီးဌာန |
| ၁၂။ | ဦးထွန်းနောင် | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၁၃။ | ဒေါ်သင်းပျံ့သီတာကျော် | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန |
| ၁၄။ | ဒေါ်ရွှေစင်မြထွန်း (ခ) ရွှေစင်ထွန်း | အာဆီယံရေးရာဦးစီးဌာန |
| ၁၅။ | ဒေါ်နန်းစုထက်လှိုင်ကျော် | အာဆီယံရေးရာဦးစီးဌာန |
| ၁၆။ | ဒေါ်စိမ်းလဲ့ထွန်း | အာဆီယံရေးရာဦးစီးဌာန |
| ၁၇။ | ဒေါ်ထက်ထက်ကြိုင် | မြန်မာသံရုံး၊ စင်ကာပူမြို့ |
| ၁၈။ | ဒေါ်အိအိမွန် | မြန်မာသံရုံး၊ ဝါရှင်တန်မြို့ |
| ၁၉။ | ဒေါ်ခင်သီရိ | နိုင်ငံရေးရာဦးစီးဌာန |
| ၂၀။ | ဦးဇေယျာမျိုးမြင့် | သံတမန်ရေးရာဦးစီးဌာန |
| ၂၁။ | ဒေါ်ဝေမွန် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၂၂။ | ဒေါ်မေသက်ထွန်း | မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မြို့ |

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၈၇၂/၂၀၁၅) အား ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဒုတိယညွှန်ကြားရေးမှူးများအတွက် လစာနှုန်းထား (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) အဖြစ်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် နေ့စွဲပါ စာအမှတ်၊ ဘခ-၁/၂၉၅ (၅၀၄၄/၂၀၁၃) အား ရည်ညွှန်းလျက် ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သံမှူးများအတွက် လစာနှုန်းထား အမေရိကန်ဒေါ်လာ (၅၀၀) ကိုလည်းကောင်း ခံစားခွင့်ပြုလိုက်သည်။

အမှတ်၂၄၂/၂၀၁၇ ။ ။ ဘရပ်ဆဲလ်မြို့၊ မြန်မာသံရုံးမှ သံမှူးကြီး ဒေါ်မာလာသန်းထိုက် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ်၂၄၃/၂၀၁၇ ။ ။ နယူးယောက်မြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ သံမှူးကြီး ဦးရဲကျော်မြ အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ်၂၄၄/၂၀၁၇ ။ ။ ပေကျင်းမြို့၊ မြန်မာသံရုံးမှ သံမှူးကြီး ဒေါ်ချိုချိုစိုး အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ်၂၄၅/၂၀၁၇ ။ ။ အော်တာဝါမြို့၊ မြန်မာသံရုံးမှ သံမှူးကြီး ဦးစိုးမြင့် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ်၂၄၆/၂၀၁၇ ။ ။ ဖနောင်ပင်မြို့၊ မြန်မာသံရုံးမှ သံမှူး ဒေါ်တီခမ်းဆိုင် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ်၂၄၇/၂၀၁၇ ။ ။ စင်ကာပူမြို့၊ မြန်မာသံရုံးမှ သံမှူး ဒေါ်ဇေသန္တာ အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ်၂၄၈/၂၀၁၇ ။ ။ ဂျကာတာမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်ဝင့်ဝင့်ခိုင်ထွန်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ်၂၄၉/၂၀၁၇ ။ ။ ဘရပ်ဆဲလ်မြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးရဲအောင် (ခ) ဦးရဲမောင်သိမ်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ်၂၅၀/၂၀၁၇ ။ ။ ဝါရှင်တန်မြို့၊ မြန်မာသံရုံးမှ သံမှူးကြီး ဦးစိုးကိုကို အား မြန်မာသံရုံး၊ အော်တာဝါမြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ်၂၅၁/၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင် အား မြန်မာသံရုံး၊ ပေကျင်းမြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ်၂၅၂/၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြတ်သီတာအေး အား မြန်မာသံရုံး၊ ဝါရှင်တန်မြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ်၂၅၃/၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စောစန္ဒီဇော် အား မြန်မာသံရုံး၊ စင်ကာပူမြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ်၂၅၄/၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖူးပွင့်ကိုကို အား မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၂၅၅/ ၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီရိအောင် အား မြန်မာသံရုံး၊ ဂျကာတာမြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၂၅၆/ ၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းပျံ့သီတာကျော် အား မြန်မာသံရုံး၊ ဖနောင်ပင်မြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၂၅၇/ ၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းအေး အား မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့သို့ ပထမအတွင်းဝန် အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၂၅၈/ ၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ပွင့်ဖြူသင်း အား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၂၅၉/ ၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဌာနစုမှူး-၁ ဒေါ်ဆုနန္ဒာလှိုင် အား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့သို့ ဒုတိယ အတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၁/ ၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဖလမ်းခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲ ၂၁၃၂ ဒုတိယရဲမှူးကြီး ဝင်းဇော် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မေလ ၂၈ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့် ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၄/ ၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ (စ/ ၀၇၅၆) လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်မြင့် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့အထိ

ခံစားခွင့်ပြုပြီး ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၀/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီးသို့ တွဲဖက်ထားသော အမှတ် (၁) နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့မှ ကွပ်ကဲရေးမှူး ရဲ ၃၇၇၈ ရဲမှူးချုပ် မောင်မောင်ခိုင် အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှစ၍ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၆ (ခ)/၁၈ (င)/၂၂ နှင့် ၁၆ (ခ)/၂၂ တို့အရ ရှုတ်ချ၍ ရဲမှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပစ် (Dismiss) လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၁/၂၀၁၇)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီးသို့ တွဲဖက်ထားသော အမှတ် (၁) နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့မှ ဒုတိယကွပ်ကဲရေးမှူး ရဲ ၃၁၄၇ ရဲမှူးကြီး ဇေယျဟန် အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှစ၍ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၆ (ခ)/၁၈ (င)/၂၂ နှင့် ၁၆ (ခ)/၂၂ တို့အရ ရှုတ်ချ၍ ရဲမှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပစ် (Dismiss) လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၂/၂၀၁၇)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၃၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲ ၄၇၁၅ ဒုတိယရဲမှူးကြီး ကျော်တေဇ အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှစ၍ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၆ (ခ)/၁၈ (င)/၂၂ နှင့် ၁၃ (က) ၁၆ (ခ)/၁၇ (ဇ)/၂၂ တို့အရ ရှုတ်ချ၍ ရဲမှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပစ် (Dismiss) လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်)

၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ဆုံးဖြတ်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဒေါ်ရီရီညွန့် ဌာနကြီးမှူး (သင်တန်းရေးရာ) လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) အား အလုပ်တာဝန်ဝတ္တရားများ စတင်

ထမ်းဆောင်သည့်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ရာထူးနေရာသို့ အစမ်းတိုးမြှင့်ခန့်ထားပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) တွင် ကျောင်းအုပ်ကြီးတာဝန်ထမ်းဆောင်စေလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၇**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ သုတေသနဌာနခွဲ (၂) မှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) သုတေသနအရာရှိ ဒေါ်နိုင်နိုင်ကြည် အား အဆိုပါဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၇**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၂ ရက်)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)၊ စီမံရေးရာဌာနခွဲမှ ဒုတိယဌာနမှူး (စီမံ/ဘဏ္ဍာ) လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဦးစောဟိန်း အား ၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ပုဒ်မ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ဒုတိယဌာနမှူး (စီမံ/ဘဏ္ဍာ) ဦးစောဟိန်း အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှစ၍ ခံစားခွင့်ပြုလိုက်သည်။ ယင်း ခွင့်ရက်များကုန်ဆုံးသည့်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ပုဒ်မ ၂၃၃ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၇**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)၊ စာပေပညာဌာနခွဲမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) လက်ထောက်ကထိက ဒေါ်ဌေးဌေးလွင် အား

အဆိုပါဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ကထိက (အင်္ဂလိပ်စာ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**(၁၇) ကြိမ်မြောက်အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံကျင်းပရေးဦးစီးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁၂/ ၂၀၁၇**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

**(၁၇) ကြိမ်မြောက်အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံကျင်းပရေး ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း**

၁။	၂၀၁၈ ခုနှစ်၊ မေလအတွင်း နေပြည်တော်၌ ကျင်းပမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများမှ စာကြည့်တိုက်မှူးများ ကွန်ဂရက် (17th Congress of Southeast Asian Librarians - CONSAL XVII) နှင့် တစ်ဆက်တစ်စပ်တည်း အစည်းအဝေးများဖြစ်သော တတိယအကြိမ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၆) ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသ အမျိုးသားစာကြည့်တိုက်များ၏ ညွှန်ကြားရေးမှူးများ ကွန်ဖရင့်တို့ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် **"(၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ"** တို့ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၆၁/ ၂၀၁၇) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

၂။	သို့ဖြစ်ပါ၍ (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အောက်ဖော်ပြပါ ဆပ်ကော်မတီများအား ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည် -

**(က) စာတမ်းစိစစ်ရေးနှင့်ဆွေးနွေးပွဲကျင်းပရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါက်တာသော်ကောင်း | ဥက္ကဋ္ဌ |
| (၂) | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း | ဒု-ဥက္ကဋ္ဌ |
| (၃) | ဦးတင်မောင်လွင် | အဖွဲ့ဝင် |
| (၄) | ဦးသိန်းလွင် | အဖွဲ့ဝင် |
| (၅) | ဦးအောင်ကြီး | အဖွဲ့ဝင် |
| (၆) | ဒေါ်တင်ဘုန်းနွယ် | အဖွဲ့ဝင် |
| (၇) | ဒေါ်ခင်ခင်ထွန်း | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး<br>အမျိုးသားစာကြည့်တိုက် (နေပြည်တော်)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(၉) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အမျိုးသားစာကြည့်တိုက် (ရန်ကုန်)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၀) CONSAL အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် (၁) ဦးစီ အဖွဲ့ဝင်

(၁၁) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၂) ဒုတိယဥက္ကဋ္ဌ (၁) တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

**စာတမ်းစိစစ်ရေးနှင့် ဆွေးနွေးပွဲကျင်းပရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ညီလာခံကြီးတွင် ဖတ်ကြားမည့်စာတမ်းများကို အဖွဲ့ဝင်နိုင်ငံများမှ အချိန်မီ တောင်းခံရန်၊

(၂) ရရှိလာသော နိုင်ငံတကာမှစာတမ်းများကို ညီလာခံ၏ ရည်ရွယ်ချက်နှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်၍ အကြောင်းအရာများ ခွဲခြားသတ်မှတ်ရန်၊

(၃) စိစစ်ပြီးသော စာတမ်းများအနက် အများဆုံး စာတမ်း အစောင် (၉၀) ကို ရွေးချယ်၍ Parallel Session များအလိုက် အစီအစဉ်ပြုလုပ်ရန်၊

(၄) စာတမ်းဖတ်ကြားမည့်ကဏ္ဍအသီးသီးအတွက် သဘာပတိများ၊ စာတမ်းရှင်များကို ရွေးချယ်ပြီးပါက ကြိုတင်အကြောင်းကြားရန်နှင့် ရွေးချယ်ခြင်း မခံရသော စာတမ်းများအတွက် ပိုစတာပြပွဲတွင် ပြသနိုင်ရေး ဆောင်ရွက်ရန်၊

(၅) စာတမ်းများ၏ Session များကို ညီလာခံမတိုင်မီ (၂) လကြိုတင်၍ ပုံနှိပ်နိုင်ရေးအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ပုံနှိပ်ထုတ်ဝေရေးဆပ်ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၆) ညီလာခံ၏ အစီအစဉ်များကို နေ့ရက်အလိုက် အသေးစိတ်ပြုစုပြီး ပုံနှိပ်နိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(၇) ဖွင့်ပွဲအခမ်းအနားကျင်းပရာတွင် တက်ရောက်သူများ အဆင်ပြေချောမွေ့စေရေးအတွက် အခြားဆပ်ကော်မတီများနှင့်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ရန်၊

(၈) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲ တက်ရောက်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၉) နိုင်ငံတော်အကြီးအကဲ ပြောကြားမည့်မိန့်ခွန်းကို ပြုစု၍ ကြိုတင်ပေးပို့ တင်ပြရန်၊

(၁၀) ညီလာခံတက်ရောက်သူများအတွက် လိုအပ်သော အိတ်၊ စာရွက်စာတမ်းများ၊ အမည်လည်ဆွဲကတ်ပြားများ စသည်တို့ကို ကြိုတင်ပြင်ဆင်ရန်၊

(၁၁) ညီလာခံတက်ရောက်သူများ မှတ်ပုံတင်ခြင်းနှင့် ငွေပေးသွင်းခြင်းတို့အတွက် လိုအပ်သော Website ကို လွှင့်တင်နိုင်ရေး ဆောင်ရွက်ရန်၊

(၁၂) ညီလာခံနေ့တွင် မှတ်ပုံတင်သူများအတွက် Onsite Registration ပြုလုပ်နိုင်ရန် ကြိုတင်စီစဉ်ရန်၊

(၁၃) ညီလာခံကျင်းပနေစဉ်အတွင်း လိုအပ်သော ဘာသာပြန်ဆိုခြင်းများ (SIS) စနစ်အတွက် အမျိုးသားပြတိုက်နှင့်ဆက်သွယ်၍ နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် သံရုံးများမှ အကူအညီတောင်းခံရန်၊

(၁၄) ပိတ်ပွဲအခမ်းအနားတွင် ထူးချွန်စာကြည့်တိုက်မှူးဆု ပေးအပ်ခြင်း CONSAL XVIII အိမ်ရှင်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားများအတွက် အခမ်းအနားပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၁၅) ညီလာခံကျင်းပပြီးစီးပါက ညီလာခံမှတ်တမ်းကို ပြုစုရန်နှင့် ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊

(၁၆) ဆပ်ကော်မတီအလိုက် ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်၊

(၁၇) ဆပ်ကော်မတီအလိုက် သုံးစွဲမည့် အသုံးစရိတ်များအား ဘဏ္ဍာရေးဆပ်ကော်မတီထံ အချိန်မီ တင်ပြသွားရန်။

## (ခ) ဘဏ္ဍာရေးဆပ်ကော်မတီ

| | | |
|---|---|---|
| (၁) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း | ဒု-ဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူး<br>အမျိုးသားစာကြည့်တိုက် (နေပြည်တော်)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး<br>အမျိုးသားစာကြည့်တိုက် (ရန်ကုန်)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဘဏ္ဍာရေးမှူး<br>မြန်မာနိုင်ငံစာကြည့်တိုက်အသင်း | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၈) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစာကြည့်တိုက်အသင်း | တွဲဖက်အတွင်းရေးမှူး |

### ဘဏ္ဍာရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) ညီလာခံကြီးအတွက် လိုအပ်သော အသုံးစရိတ်များကို ဆပ်ကော်မတီအသီးသီးထံမှ ကြိုတင်တောင်းခံပြီး တွက်ချက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၏ ဘတ်ဂျက်တွင် ထည့်သွင်းတင်ပြ တောင်းခံသွားရန်၊

(၂) ဆပ်ကော်မတီအသီးသီးက လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီစိစစ်၍ ထုတ်ပေးရန်၊

(၃) ဆပ်ကော်မတီအသီးသီး၏ အသုံးစရိတ် ရှင်းတမ်းများကို စာရင်းဇယား၊ အထောက်အထားများနှင့်တကွ စိစစ်လက်ခံ၍ လုပ်ငန်းကော်မတီမှတစ်ဆင့် ဦးစီးကော်မတီသို့ တင်ပြရန်၊

(၄) ရန်ပုံငွေရှာဖွေရေး ဆပ်ကော်မတီက လွှဲပြောင်းပေးအပ်သော ဘဏ္ဍာငွေများကို စနစ်တကျ ခွဲဝေသုံးစွဲရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(၅) ဆပ်ကော်မတီအလိုက် ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်။

**(ဂ) စည်းရုံးလှုံ့ဆော်ရေးနှင့် သတင်းပြန်ကြားရေးဆပ်ကော်မတီ**

(၁) အမြဲတမ်းအတွင်းဝန် ဥက္ကဋ္ဌ
ပြန်ကြားရေးဝန်ကြီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ကိုယ်စားလှယ် (၂) ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

(၄) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အနုပညာဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

**စည်းရုံးလှုံ့ဆော်ရေးနှင့် သတင်းပြန်ကြားရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အထွေထွေညီလာခံနှင့်ပတ်သက်သော ထုတ်ပြန်ချက်များ၊ ကြေညာချက်များ၊ ကြော်ငြာများကို မီဒီယာများမှ အများပြည်သူသို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(၂) ညီလာခံနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များကို ပုံနှိပ်ထုတ်ဝေရေးဆပ်ကော်မတီထံမှ ရယူ၍ အခမဲ့ဖြန့်ဝေနိုင်ရေးအတွက် အခြားဆပ်ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၃) အထွေထွေညီလာခံတွင် ပြည်သူများ ပူးပေါင်းပါဝင်နိုင်ရေးအတွက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် မီဒီယာများမှ စည်းရုံးလှုံ့ဆော်ရန်၊

(၄) ညီလာခံကျင်းပနေစဉ်အတွင်း မှတ်တမ်းတင်ခြင်းနှင့် သတင်းပြန်ကြားရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရန်၊

(၅) ညီလာခံမှတ်တမ်းများကို ဖိတ်ကြားထားသော နိုင်ငံတကာမှ ကိုယ်စားလှယ်များထံ အချိန်မီ ပေးပို့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(၆) ဆပ်ကော်မတီအလိုက် ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်၊

(၇) ဆပ်ကော်မတီအလိုက် သုံးစွဲမည့်အသုံးစရိတ်များအား ဘဏ္ဍာရေးဆပ်ကော်မတီထံ အချိန်မီ တင်ပြသွားရန်။

**(ဃ) ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ**

(၁) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) ဒုတိယပါမောက္ခချုပ် (စီမံ) အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ဒုတိယပါမောက္ခချုပ် (စီမံ) — အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၄) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(၅) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(၆) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူး (သုတေသန-၁) — အဖွဲ့ဝင်
သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၈) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

(၉) အထွေထွေအတွင်းရေးမှူး — အတွင်းရေးမှူး
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

**ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏လုပ်ငန်းတာဝန်များ**

(၁) ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များထံသို့ ဖိတ်ကြားစာများ ပေးပို့ရန်၊ အချိန်မီ အကြောင်းပြန်ကြားခြင်း မရှိသေးသော နိုင်ငံများသို့ နှိုးဆော်စာပေးပို့ရန်၊

(၂) ဖွင့်ပွဲအခမ်းအနားနှင့် ညစာစားပွဲတို့အတွက် ဖိတ်ကြားမည့် လူဦးရေစာရင်း ပြုစုရန်၊ ဖိတ်စာများရိုက်နှိပ်ရန်၊ ဝေငှရန်၊

(၃) ဖိတ်ကြားထားသော နိုင်ငံတကာမှ ကိုယ်စားလှယ်များ၏ ဆိုက်ရောက်/ထွက်ခွာစာရင်း များကို အချိန်နှင့်တစ်ပြေးညီ ပြုစုရန်၊ လေဆိပ် ကြို/ပို့ကို တာဝန်ယူဆောင်ရွက်ရန်၊

(၄) နိုင်ငံတကာမှ လာရောက်မည့် ကိုယ်စားလှယ်များအတွက် ဆိုက်ရောက်ဗီဇာ အဆင်ပြေ ချောမွေ့စေရေးဆောင်ရွက်ရန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့် ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(၅) ဖိတ်ကြားထားသော နိုင်ငံတကာမှ ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရန် နေပြည်တော်ရှိ တည်းခိုမည့်ဟိုတယ်တွင် အခန်းများ ကြိုတင်စီစဉ်ဆောင်ရွက်ထားရန်၊

(၆) စေတနာ့ဝန်ထမ်းများ တည်းခိုနေထိုင်ရေးအတွက် နေရာထိုင်ခင်း စီစဉ်ရန်၊

(၇) ဖိတ်ကြားထားသော နိုင်ငံတကာမှ ကိုယ်စားလှယ်များအတွက် ဆက်သွယ်ရေးအရာရှိများ ထားရှိပေးနိုင်ရန် ဦးစီးဌာနများနှင့် တက္ကသိုလ်များရှိ ဝန်ထမ်းများကို ရွေးချယ်၍ လေ့ကျင့် ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(၈) ညီလာခံအစီအစဉ်နှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ဆက်သွယ်ရေးအရာရှိများအား ဘာသာစကား၊ ဗဟုသုတပြည့်ဝစေရန်အတွက် ကြိုတင်လေ့ကျင့်ပေးရန်၊ နိုင်ငံအလိုက် နေရာချထားရန်၊

(၉) လေ့လာရေးသွားရောက်မည့် နေရာများမှ တာဝန်ရှိသူများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်၊

(၁၀) ဆပ်ကော်မတီအလိုက် ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်၊

(၁၁) ဆပ်ကော်မတီအလိုက် သုံးစွဲမည့်အသုံးစရိတ်များအား ဘဏ္ဍာရေးဆပ်ကော်မတီထံ အချိန်မီ တင်ပြသွားရန်။

## (င) ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>အနုပညာဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံစာကြည့်တိုက်အသင်း | အဖွဲ့ဝင် |
| (၆) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

## ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) နိုင်ငံတကာမှ လာရောက်မည့် ကိုယ်စားလှယ်များအတွက် ဘန်ကောက်မှ နေပြည်တော်သို့ တိုက်ရိုက် လေယာဉ်ခရီးစဉ် ရရှိရေးအတွက် သက်ဆိုင်ရာ လေကြောင်းလိုင်းများနှင့် ညှိနှိုင်း ဆောင်ရွက်ရန်၊

(၂) ရန်ကုန်မြို့မှတစ်ဆင့် လာရောက်မည့် ကိုယ်စားလှယ်များအတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန် အထူးလေကြောင်းခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးရန်၊

(၃) လေဆိပ်မှ တည်းခိုမည့်ဟိုတယ်များသို့ ကြိုဆိုပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၄) နေပြည်တော်ရှိ တည်းခိုနေထိုင်ရာနေရာများမှ ညီလာခံကျင်းပမည့်နေရာသို့ ပို့ဆောင်ရေး ယာဉ်များကို အချိန်သတ်မှတ်ပြေးဆွဲပေးရန်၊

(၅) ညီလာခံတက်ရောက်လာသောကိုယ်စားလှယ်များ လေ့လာရေးခရီး သွားရောက်နိုင်ရေး အတွက် ကြို/ပို့ ယာဉ်များ စီစဉ်ဆောင်ရွက်ရန်၊

(၆) ညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုဆိုပို့ဆောင်ရေး လုပ်ငန်းများကို အဆင်ပြေချောမွေ့စေရေးအတွက် အခြားဆပ်ကော်မတီများနှင့် ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ရန်၊

(၇) စေတနာ့ဝန်ထမ်းများ သွားလာရေး အဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(၈) ဆပ်ကော်မတီအလိုက် ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်၊

(၉) ကုန်ကျမည့် စက်သုံးဆီနှင့် ဘဏ္ဍာငွေများ ဘဏ္ဍာရေးဆပ်ကော်မတီသို့ အချိန်မီ တွက်ချက်တောင်းခံရန်။

**(စ) အခမ်းအနားပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ**

(၁) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
အနုပညာဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) — အဖွဲ့ဝင်
သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) — အဖွဲ့ဝင်
အနုပညာဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၅) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အနုပညာဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

**အခမ်းအနားပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အထွေထွေညီလာခံကြီး၏ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားနှင့် ဆွေးနွေးပွဲကျင်းပမည့် အခန်းလိုက်တွင် အသုံးပြုမည့် နဖူးစည်း နောက်ခံစာသားများကို သက်ဆိုင်ရာနေရာများတွင် တပ်ဆင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတကာမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းမှ ဖိတ်ကြားထားသော ဌာနဆိုင်ရာဧည့်သည်များ အခမ်းအနားတက်ရောက်ရာတွင် အဆင်ပြေချောမွေ့စေရန် နေရာထိုင်ခင်းများ စီစဉ်ဆောင်ရွက်ရန်၊

(၃) နိုင်ငံတော်အကြီးအကဲနှင့် ပြည်ပမှ တာဝန်ရှိသူများ အမှာစကားပြောကြားနိုင်ရန် စကားပြောစင်မြင့် စီစဉ်ထားရှိရန်၊

(၄) ဖွင့်ပွဲအခမ်းအနားတွင် Theme Song and ASEAN Anthem တင်ဆက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(၅) ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားများတွင် မြန်မာ့ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(၆) ညစာသုံးဆောင်နေစဉ်နှင့် ညစာသုံးဆောင်ပြီးအချိန်များတွင် ဖျော်ဖြေတင်ဆက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၇) ဆပ်ကော်မတီအလိုက် ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်၊

(၈) ဆပ်ကော်မတီအလိုက် သုံးစွဲမည့် အသုံးစရိတ်များအား ဘဏ္ဍာရေးဆပ်ကော်မတီထံ အချိန်မီ တင်ပြသွားရန်။

**(ဆ) ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ**

(၁) အမြဲတမ်းအတွင်းဝန် — ဥက္ကဋ္ဌ
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူး (သုတေသန-၁) — အဖွဲ့ဝင်
သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

**ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အထွေထွေညီလာခံကြီး ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများတွင် ဧည့်သည်တော်များနှင့် ဖိတ်ကြားထားသော ကိုယ်စားလှယ်များကို ဧည့်ခံကျွေးမွေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(၂) ညီလာခံကျင်းပသည့် နေ့ရက်များတွင် Tea Break (၂) ကြိမ်နှင့် နေ့လယ်စာကျွေးမွေးနိုင်ရေး အတွက် အခမ်းအနားပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီနှင့်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ရန်၊

(၃) စေတနာ့ဝန်ထမ်းများ စားသောက်ရေး အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(၄) ဆပ်ကော်မတီအလိုက် ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်၊

(၅) ကုန်ကျစရိတ်များအတွက် ကြိုတင်တွက်ချက်တင်ပြနိုင်ရေး ဆောင်ရွက်ရန်။

**(ဇ) ပြခန်းနှင့် အမှတ်တရပစ္စည်းများ ခင်းကျင်းရောင်းချရေးဆပ်ကော်မတီ**

(၁) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမျိုးသားပြတိုက် (နေပြည်တော်)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမျိုးသားပြတိုက် (ရန်ကုန်)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၄) ကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၆) အထွေထွေအတွင်းရေးမှူး၊ — တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

**ပြခန်းနှင့် အမှတ်တရပစ္စည်းများ ခင်းကျင်းရောင်းချရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ပြခန်းနှင့် အမှတ်တရပစ္စည်း ခင်းကျင်းရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂) ပိုစတာပြပွဲအတွက် စာတမ်းစိစစ်ရေးနှင့် ဆွေးနွေးပွဲကျင်းပရေးဆပ်ကော်မတီနှင့်ညှိနှိုင်း၍ ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၃) မြန်မာနိုင်ငံမှ တာဝန်ယူခင်းကျင်းရမည့် CONSAL ပြခန်းနှင့် နိုင်ငံအလိုက် ပြခန်းများအတွက် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီနှင့်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ရန်၊

(၄) မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ဆောင်နိုင်မည့် လက်မှုပစ္စည်းများ၊ အစားအစာများ၊ အသုံးအဆောင်ပစ္စည်းများကို ပြခန်းခင်းကျင်းပြသရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်၍ နေရာချထားရန်၊

(၅) ညီလာခံအမှတ်တရပစ္စည်းများ ပြုလုပ်ရောင်းချနိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊

(၆) ညီလာခံပြီးမြောက်ချိန်တွင် ပြခန်းများ ပြန်လည်ဖြုတ်သိမ်းအပ်နှံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(၇) ဆပ်ကော်မတီအလိုက် ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်၊

(၈) ဆပ်ကော်မတီအလိုက် သုံးစွဲမည့်အသုံးစရိတ်များအား ဘဏ္ဍာရေးဆပ်ကော်မတီထံ အချိန်မီ တင်ပြသွားရန်။

**(ဈ) ရန်ပုံငွေရှာဖွေရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ကိုယ်စားလှယ် (၁) ဦး<br>British Council | အဖွဲ့ဝင် |
| (၃) | ကိုယ်စားလှယ် (၁) ဦး<br>Asia Foundation | အဖွဲ့ဝင် |
| (၄) | ကိုယ်စားလှယ် (၁) ဦး<br>American Center | အဖွဲ့ဝင် |
| (၅) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံစာကြည့်တိုက်အသင်း | အတွင်းရေးမှူး |

**ရန်ပုံငွေရှာဖွေရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ညီလာခံအတွက် တင်ပြတောင်းခံလာသော ရန်ပုံငွေရရှိနိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(၂) ညီလာခံအတွက် ကူညီပံ့ပိုးမှုများကို ငွေသားဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ၊ ဝန်ဆောင်မှုဖြင့်ဖြစ်စေ ရရှိနိုင်ရေးအတွက် စီးပွားရေး၊ လူမှုရေး အဖွဲ့အစည်းများနှင့်ဆက်သွယ်၍ ဆောင်ရွက်ရန်၊

(၃) ဘဏ္ဍာရေးဆပ်ကော်မတီနှင့်ညှိနှိုင်း၍ ရန်ပုံငွေများကို စိစစ်သုံးစွဲရန်၊

(၄) ဆပ်ကော်မတီအလိုက် ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်၊

(၅) ဆပ်ကော်မတီအလိုက် သုံးစွဲမည့်အသုံးစရိတ်များအား ဘဏ္ဍာရေးဆပ်ကော်မတီထံ အချိန်မီ တင်ပြသွားရန်။

**(ည) ကျန်းမာရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး (သုတေသန)<br>သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဆေးရုံအုပ်ကြီး<br>နေပြည်တော်ခုတင် (၁၀၀၀)<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်၊<br>သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |

**ကျန်းမာရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ညီလာခံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့ငယ်များ ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်ရန်၊

(၂) ညီလာခံကြီးသို့ တက်ရောက်မည့် အရေးကြီးပုဂ္ဂိုလ်များ၊ အာဆီယံနိုင်ငံများမှ လာရောက်သောကိုယ်စားလှယ်များအတွက် ကျွေးမွေးမည့် အစားအစာများ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ရန်၊

(၃) ညီလာခံသို့ တက်ရောက်မည့် နိုင်ငံတကာကိုယ်စားလှယ်များ အရေးပေါ် ကျန်းမာရေးကိစ္စများ ပေါ်ပေါက်လာပါက ကုသပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၄) လေ့လာရေး သွားရောက်စဉ်အချိန်အတွင်း နိုင်ငံတကာကိုယ်စားလှယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အနီးကပ် လိုက်ပါနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၅) အခြားဆပ်ကော်မတီများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရန်၊

(၆) ကျန်းမာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အခြားလိုအပ်သည်များ စီစဉ်ဆောင်ရွက်ရန်၊

(၇) ဆပ်ကော်မတီအလိုက် သုံးစွဲမည့် အသုံးစရိတ်များအား ဘဏ္ဍာရေးဆပ်ကော်မတီသို့ အချိန်မီ တင်ပြသွားရန်။

**(ဋ) ပုံနှိပ်ထုတ်ဝေရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယပါမောက္ခချုပ် (သင်ကြား)<br>အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး (သုတေသန-၁)<br>သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ကိုယ်စားလှယ် (၁) ဦး<br>ထွန်းဖောင်ဒေးရှင်း | အဖွဲ့ဝင် |

(၄) စာကြည့်တိုက်မှူး　　အဖွဲ့ဝင်
စာပေဗိမာန်စာကြည့်တိုက်
ပြန်ကြားရေးဝန်ကြီးဌာန

(၅) ဒေါ်ခင်နှင်းဦး　　အတွင်းရေးမှူး
အတွင်းရေးမှူး (၁)၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

**ပုံနှိပ်ထုတ်ဝေရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) Session များကို ညီလာခံမတိုင်မီ (၂) လ ကြိုတင်၍ ပုံနှိပ်နိုင်ရေးအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို စာတမ်းစိစစ်ရေးနှင့် ဆွေးနွေးပွဲကျင်းပရေးဆပ်ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂) ညီလာခံနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များကို ပုံနှိပ်ထုတ်ဝေရေးအတွက် အခြား ဆပ်ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၃) ညီလာခံ၏အစီအစဉ်များကို နေ့ရက်အလိုက် အသေးစိတ်ပြုစုပြီး ပုံနှိပ်နိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(၄) အထွေထွေညီလာခံကျင်းပပြီးစီးပါက ညီလာခံမှတ်တမ်းကို ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊

(၅) ဆပ်ကော်မတီအလိုက် ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်၊

(၆) ဆပ်ကော်မတီအလိုက် သုံးစွဲမည့်အသုံးစရိတ်များအား ဘဏ္ဍာရေးဆပ်ကော်မတီထံ အချိန်မီ တင်ပြသွားရန်။

**(ဥ) စေတနာ့ဝန်ထမ်းဆိုင်ရာဆပ်ကော်မတီ**

(၁) ညွှန်ကြားရေးမှူးချုပ်　　ဥက္ကဋ္ဌ
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၂) ဒုတိယပါမောက္ခချုပ် (သင်ကြား)　　အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ဒုတိယပါမောက္ခချုပ် (သင်ကြား)　　အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၄) ပါမောက္ခ၊ စာကြည့်တိုက်နှင့်သုတပညာဌာန　　အဖွဲ့ဝင်
ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန

(၅) ပါမောက္ခ၊ စာကြည့်တိုက်နှင့်သုတပညာဌာန　　အဖွဲ့ဝင်
ရတနာပုံတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန

(၆) ပါမောက္ခ၊ စာကြည့်တိုက်နှင့်သုတပညာဌာန　　အဖွဲ့ဝင်
အရှေ့ပိုင်းတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန

(၇) American Center မှ ကိုယ်စားလှယ် (၁) ဦး　　အဖွဲ့ဝင်

(၈) ကိုယ်စားလှယ် (၁) ဦး　　အဖွဲ့ဝင်
သရပါစာကြည့်တိုက်

(၉) ဒုတိယဥက္ကဋ္ဌ (၂) အတွင်းရေးမှူး
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

**စေတနာ့ဝန်ထမ်းဆိုင်ရာဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) တက္ကသိုလ်၊ ကောလိပ်နှင့်ပြင်ပလူငယ်အဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်း ဆောင်ရွက်လိုသူများကို ရယူစုဆောင်းရန်၊

(၂) ညီလာခံနှင့်ပတ်သက်သော လုပ်ငန်းအသီးသီးတွင် ပါဝင်ဆောင်ရွက်ကြမည့် စေတနာ့ဝန်ထမ်းများကို လေ့ကျင့်ပညာပေးရန်၊

(၃) ညီလာခံကာလအတွင်း စေတနာ့ဝန်ထမ်းများ၏ နေထိုင်၊ စားသောက်၊ သွားလာရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများနှင့်ညှိနှိုင်း၍ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ရန်၊

(၄) စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သော ဝတ်စုံများနှင့် ပစ္စည်းများကို ရန်ပုံငွေ ရှာဖွေရေး ဆပ်ကော်မတီနှင့်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ရန်၊

(၅) ဆပ်ကော်မတီအလိုက် ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်၊

(၆) ဆပ်ကော်မတီအလိုက် သုံးစွဲမည့် အသုံးစရိတ်များအား ဘဏ္ဍာရေးဆပ်ကော်မတီထံ အချိန်မီ တင်ပြသွားရန်။

## (၃) အတွင်းရေးမှူးရုံးအဖွဲ့

(၁) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) ဒုတိယပါမောက္ခချုပ် (စီမံ) အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၄) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

(၅) ဦးကျော်ဇင်စိုး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အမျိုးသားစာကြည့်တိုက် (ရန်ကုန်)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၇) ဒုတိယဥက္ကဋ္ဌ (၂) အဖွဲ့ဝင်
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

(၈) စာကြည့်တိုက်မှူး အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၉) ဒုတိယညွှန်ကြားရေးမှူး (၁)　　အတွင်းရေးမှူး
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

(၁၀) ညွှန်ကြားရေးမှူး　　တွဲဖက်အတွင်းရေးမှူး-၁
သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၁) ညွှန်ကြားရေးမှူး　　တွဲဖက်အတွင်းရေးမှူး-၂
အမျိုးသားစာကြည့်တိုက် (နေပြည်တော်)
အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

**အတွင်းရေးမှူးရုံးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် အစဉ်တစိုက်ဆက်သွယ်၍ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ဆက်သွယ်ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးများကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၃) ညီလာခံမတိုင်မီနှင့် ညီလာခံကာလအတွင်း လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ စီစဉ်ဆောင်ရွက်ရန်၊

(၄) ဆပ်ကော်မတီအလိုက် သုံးစွဲမည့် အသုံးစရိတ်များအား ဘဏ္ဍာရေးဆပ်ကော်မတီထံ အချိန်မီ တင်ပြသွားရန်။

သူရဦးအောင်ကို
ပြည်ထောင်စုဝန်ကြီး
[အတွင်းရေးမှူး၊ (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏
စာကြည့်တိုက်မှူးများ ညီလာခံကျင်းပနိုင်ရေးဦးစီးကော်မတီ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်)

၁။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅ နှင့်အညီ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

၂။ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ အစီအစဉ်အရ ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီ၊ အဖွဲ့ဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် လေ ၂၈၂၂ ဗိုလ်မှူး အောင်ကိုမြင့် (အစား) ကြည်း ၃၅၉၀၆ ဗိုလ်မှူး ကောင်းသန့်ကျော် အား ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

တင်မောင်ထွန်း
လွှတ်တော်ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

**၂၀၁၄ ခုနှစ် မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ထုတ်ပြန်ကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် လက်မှတ်ရေးထိုးပြီးသော ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ ထုတ်ပြန်ကြေညာပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ဒေါက်တာခင်မောင်ဌေး၊ ဒုတိယဥက္ကဋ္ဌ)
မန္တလေးတိုင်းဒေသကြီးလွှတ်တော်

## ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁ ။)**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၆ ခုနှစ် မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

ပုဒ်မ ၁၂။ ကော်မတီ၏ သက်တမ်းကာလသည် ယင်းကော်မတီအား ခန့်အပ်ဖွဲ့စည်းပေးခဲ့သော အစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၃ ပါ "ကော်မတီ" ဆိုသော စကားရပ်ကို "မြို့တော်ဝန်" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

ပုဒ်မ ၁၆။ အစိုးရအဖွဲ့သည် ပုဒ်မ ၁၄ (ခ) အရ ခန့်ထားရမည့်ကော်မတီဝင်များကို ပြည်သူများက ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်တွင် စည်ပင်သာယာရေး ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မြို့တော်နယ်နိမိတ်အတွင်းရှိ မြို့နယ် (၆) မြို့နယ်မှ ပြည်သူလူထုက ကြည်ညိုလေးစားခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦးစီကို အဖွဲ့ဝင်များအဖြစ် ပါဝင်ခန့်ထား ဆောင်ရွက်ရမည်။ ရွေးကောက်ပွဲကော်မရှင်၏ အတွင်းရေးမှူးအဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်ရမည်။ ရွေးချယ်တင်မြှောက်ပွဲနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရန်ပုံငွေမှ ကျခံရမည်။

၅။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) ပါ "ဆန္ဒမဲပေးမည့်ကိုယ်စားလှယ်ကို" ဆိုသော စကားရပ်အစား "ဆန္ဒမဲပေးမည့်အိမ်ထောင်စုကိုယ်စားလှယ်ကို" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

ပုဒ်မခွဲ(င) စာရင်းကောက်ယူရာတွင် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ့က အိမ်ထောင်ဦးစီး (သို့မဟုတ်) အသက် (၁၈) နှစ်ပြည့်ပြီးသော အိမ်ထောင်စုဝင်တစ်ဦးဦးထံမှ ဆန္ဒမဲပေးမည့်သူစာရင်းကို ကောက်ယူရမည်။

၆။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၁ တွင် ပုဒ်မခွဲ (စ) နှင့် (ဆ) ကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ရမည် -

ပုဒ်မခွဲ(စ) လူမွဲအဖြစ် ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊

ပုဒ်မခွဲ(ဆ) တပ်နယ်စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်သူ တပ်ရင်းတပ်ဖွဲ့ဝင်များ၊

၇။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

ပုဒ်မခွဲ(ဃ) မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သက်ဆိုင်ရာမြို့နယ်တစ်ခုတွင် ရွေးကောက်ပွဲမကျင်းပမီ တစ်ဆက်တည်းအနည်းဆုံး (၅) နှစ်နှင့်အထက် နေထိုင်လျက်ရှိသူ ဖြစ်ရမည်။ မိမိကိုယ်တိုင် (သို့မဟုတ်) မိမိ၏ ဇနီး/ခင်ပွန်း သို့မဟုတ် မိရင်းဖရင်း တစ်ဦးဦး၏ တရားဝင်ပိုင်ဆိုင်ထားသော မြေနှင့်အဆောက်အအုံ (တိုက်ခန်း၊ ကွန်ဒို) တွင် နေထိုင်လျက်ရှိသူ ဖြစ်ရမည်။

၈။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

ပုဒ်မခွဲ(ဃ) ရွေးကောက်ပွဲကော်မရှင်သည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ တင်ပြသော မဲစာရင်းအရ မဲဆန္ဒနယ်အလိုက် မဲအများဆုံးရရှိသည့် ရွေးကောက်တင်မြှောက်ခံရသော ကော်မတီဝင်တို့၏ အမည်စာရင်းကို ကြေညာရမည့်အပြင် အစိုးရအဖွဲ့သို့လည်း ချက်ချင်းအစီရင်ခံရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ

### ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် (၄/၂၀၁၆)

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

**နိဒါန်း**

**အခန်း (၁)**

**အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ရှမ်းပြည်နယ် ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ရှမ်းပြည်နယ်အစိုးရက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့် ဒေသများတွင်သာ အာဏာသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်နယ်ဆားလုပ်ငန်းကော်မတီကိုဆိုသည်။

(စ) **ဆားလုပ်ငန်းဦးစီးဌာန**ဆိုသည်မှာ ပြည်နယ်ဆားလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(ဆ) **ပြည်နယ်ဦးစီးမှူး**ဆိုသည်မှာ ပြည်နယ်ဆားလုပ်ငန်းဦးစီးဌာန၏ ပြည်နယ်ဦးစီးမှူးကို ဆိုသည်။

(ဇ) **ကြီးကြပ်စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်သည့်အဖွဲ့ကို ဆိုသည်။

(ဈ) **ဆား**ဆိုသည်မှာ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်းအိုင်၊ စိမ့်စမ်း၊ ကန်ရေ၊ တွင်းရေနှင့် သဲမြေတို့ကို အသုံးပြုပြီး ထုတ်ယူရရှိသော ဆား၊ ယင်းစကားရပ်တွင် သဘာဝအလျောက် မြေပေါ် မြေအောက်တွင် ဖြစ်ပေါ်တည်ရှိသော ဆိုဒီယမ်ကလိုရိုဒ်လည်း ပါဝင်သည်။

(ည) **ဆားထွက်ပစ္စည်း**ဆိုသည်မှာ ဆားကို အခြားဓာတုပစ္စည်းများနှင့် ပေါင်းစပ်၍ ထုတ်ယူရရှိသော ဓာတ်ဆားအမျိုးမျိုးကိုလည်းကောင်း၊ ဆားထုတ်ယူပြီး ကျန်ရှိသည့် ကြက်တက်ရည်မှ ထုတ်ယူရရှိသော ဓာတ်ဆားအမျိုးမျိုးကိုလည်းကောင်း၊ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်းအိုင်၊ စိမ့်စမ်း၊ ကန်ရေ၊ တွင်းရေနှင့် သဲမြေတို့မှ ထုတ်ယူရရှိသော ဆိုဒီယမ်ဓာတ်ဆားနှင့် ပိုတက်ဆီယမ်ဓာတ်ဆားအမျိုးမျိုးကိုလည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ရေမှော်အမျိုးမျိုးတို့မှ ထုတ်ယူရရှိသောဓာတုပစ္စည်းအမျိုးမျိုးလည်း ပါဝင်သည်။

(ဋ) **ဆားထုတ်မြေ**ဆိုသည်မှာ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းထုတ်လုပ်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်သည့်မြေကို ဆိုသည်။

(ဌ) **လိုင်စင်**ဆိုသည်မှာ စီးပွားရေးလုပ်ငန်းအလို့ငှာ ဆားလုပ်ငန်းဦးစီးဌာနက ထုတ်ပေးသော ဆား သို့မဟုတ် ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဍ) **လိုင်စင်ခ**ဆိုသည်မှာ ဆားထုတ်လုပ်ခွင့်အတွက် ထမ်းဆောင်ရသော အခွန်အခကို ဆိုသည်။

(ဎ) **ထုတ်လုပ်ခွင့်**ဆိုသည်မှာ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို သဘာဝအားဖြင့်လည်းကောင်း၊ နေလှန်းခြင်းဖြင့်လည်းကောင်း၊ ကြိတ်ခွဲသန့်စင်ခြင်းဖြင့်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်လည်းကောင်း ထုတ်လုပ်ခွင့်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သစ်တောပြုန်းတီးမှု မရှိစေဘဲ ဆားနှင့် ဆားထွက်ပစ္စည်းကို ထုတ်လုပ်နိုင်စေရန်၊

(ခ) ဆားထုတ်လုပ်သည့် ပမာဏ၊ ဆားထုတ်မြေများ တိုးချဲ့သတ်မှတ်နိုင်ရန်၊

(ဂ) ပြည်နယ်အတွင်း ဆားထုတ်လုပ်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သော ဆားကွင်းများအား ဆားထုတ်မြေအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေး ကူညီဆောင်ရွက်ရန်၊

(ဃ) အရည်အသွေးကောင်းမွန်သော ဆားနှင့် ဆားထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး ပံ့ပိုးကူညီရန်၊

(င) ဆားနှင့် ဆားထွက်ပစ္စည်းကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊

(စ) အိုင်အိုဒင်းအာဟာရချို့တဲ့မှု ရောဂါပပျောက်ရေး အထောက်အကူပြုဖြစ်စေရန်၊

(ဆ) ဆားနှင့် ဆားထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များသို့ နည်းပညာများ ဖြန့်ဖြူးပေးရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် ပြည်နယ်ဆားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ဝန်ကြီး — ဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ပြည်နယ်ကျန်းမာရေးဦးစီးဌာန

(ဃ) ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(င) ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

(စ) ညွှန်ကြားရေးမှူး
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(ဆ) ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

(ဇ) ပြည်နယ်ဦးစီးဌာနမှူး
ပြည်နယ်ဆားလုပ်ငန်းဦးစီးဌာန

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကော်မတီကို ဝန်ကြီး၏တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်၊ "သက်တမ်းသတ်မှတ်" နိုင်သည်။

## အခန်း (၄)
## ကော်မတီ၏ တာဝန်များ

၆။ ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များအောင်မြင်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဆားနှင့် ဆားထွက်ပစ္စည်း၏ စံချိန်စံညွှန်းကို စစ်ဆေးစေခြင်း၊

(ဂ) စံချိန်စံညွှန်းမမီသော ဆားနှင့် ဆားထွက်ပစ္စည်းများ စစ်ဆေးတွေ့ရှိပါက လုပ်ငန်းရှင်များအား နည်းပညာရပ်များ ဖြန့်ဖြူးပေးခြင်း၊

(ဃ) လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်းပြီး ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း စစ်ဆေးစေခြင်း၊

(င) လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ လိုင်စင်သက်တမ်းသတ်မှတ်ခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်း၊ လိုင်စင်ပယ်ဖျက်ခြင်း၊

(စ) လိုင်စင်ရရှိသူက လိုင်စင်သက်တမ်းတိုးရန် လျှောက်ထားသည့်ကိစ္စ၊ အမည်ပြောင်းလျှောက်ထားသည့်ကိစ္စတွင် အငြင်းပွားမှုရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေးခြင်း၊

(ဆ) လိုင်စင်စည်းကမ်းများ သတ်မှတ်ပေးခြင်း၊

(ဇ) ဆားထုတ်လုပ်မှုနည်းပညာ အကူအညီရရှိရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် ရက်လွန်ဒဏ်ကြေးသတ်မှတ်ခြင်း၊

(ည) ဆားထုတ်လုပ်မှုကြီးကြပ်ခြင်း၊ ကူညီပေးခြင်းများဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးခြင်း၊

(ဋ) ဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှု ကြုံတွေ့ရ၍ လိုင်စင်သက်သာခွင့်၊ ကင်းလွတ်ခွင့်ပြုရန် လိုင်စင်ရရှိသူက လျှောက်ထားပါလျှင် စိစစ်ပြီး လိုင်စင်သက်သာခွင့်၊ ကင်းလွတ် ခွင့်ပြုခြင်း၊

(ဌ) ထုတ်လုပ်သော ဆားများကို စားသုံးရန် သင့်၊ မသင့် စစ်ဆေးခြင်း။

## အခန်း (၅)
## လိုင်စင်လျှောက်ထားခြင်း

၇။ ဆားသို့မဟုတ် ဆားထွက်ပစ္စည်းကို စီးပွားဖြစ်ထုတ်လုပ်လိုသူသည် ဆားလုပ်ငန်းဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၈။ ပြည်နယ်ဦးစီးဌာနမှူးသည် ဆားထွက်ပစ္စည်း စီးပွားဖြစ်ထုတ်လုပ်ရန် လျှောက်လွှာများနှင့်စပ်လျဉ်း၍ ကော်မတီမှ လိုင်စင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်ရန် လျှောက်လွှာအား သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ စိစစ်တင်ပြရမည်။

၉။ ကော်မတီသည် စိစစ်တင်ပြလာသော လိုင်စင်လျှောက်ထားခြင်းကို ခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။

၁၀။ ကော်မတီ၏ ဆုံးဖြတ်ချက်အရ ပြည်နယ်ဦးစီးဌာနမှူးသည် ဆားထုတ်လုပ်ခွင့်လိုင်စင်ကို ထုတ်ပေးရမည်။

၁၁။ မိသားစုစားသုံးရန် ဆားထုတ်လုပ်ခြင်းအတွက် လိုင်စင်ရယူခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

## အခန်း (၆)
## လိုင်စင်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ လိုင်စင်ရရှိသူသည် ကော်မတီမှ သတ်မှတ်ထားသော အောက်ပါအခွန်အခများကို သတ်မှတ်ထားသည့် စည်းကမ်းအတိုင်း ဆားလုပ်ငန်းဦးစီးဌာနသို့ ပေးသွင်းရမည် -

(က) လိုင်စင်ခ၊

(ခ) လိုင်စင်သက်တမ်းတိုးမြှင့်ခ၊

(ဂ) ရက်လွန်ဒဏ်ကြေး။

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် ( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

**အမိန့်ကြော်ငြာစာအမှတ် ၈၉/ ၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံးဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး ရာထူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) နေရာများ၌ အောက်ဖော်ပြပါ ဦးစီးအရာရှိများအား ယင်းတို့နှင့် ယှဉ်တွဲပါ ရုံး၊ ဌာနကြီးများတွင် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့ ညနေပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးမျိုးဆန်း | စီးပွားရေးရာဌာနကြီး |
| (၂) | ဒေါ်မြင့်မြင့်အေး | သုတေသန၊ သတင်းပြန်ကြားရေးနှင့်တိုင်ကြားစာများဌာနကြီး |
| (၃) | ဒေါ်ခင်သူလွင် | စီးပွားရေးရာဌာနကြီး |
| (၄) | ဒေါ်ခင်မေစီ | လူမှုရေးနှင့်ယဉ်ကျေးမှုဌာနကြီး |
| (၅) | ဒေါ်ကြည်ကြည်ဝင်း | နိုင်ငံရေးနှင့်လုံခြုံရေးဌာနကြီး |
| (၆) | ဒေါ်ခင်ဆွေလတ် | စီမံရေးနှင့်ဘဏ္ဍာရေးဌာနကြီး |
| (၇) | ဒေါ်နွယ်နွယ်မြင့် | ပြည်ထောင်စုဝန်ကြီးရုံးအဖွဲ့ |
| (၈) | ဒေါ်နွယ်နွယ်ဝင်း | လူမှုရေးနှင့်ယဉ်ကျေးမှုဌာနကြီး |
| (၉) | ဒေါ်ခင်သန်းဦး | စီမံရေးနှင့်ဘဏ္ဍာရေးဌာနကြီး |
| (၁၀) | ဒေါ်နှင်းနွယ်အေး | ဒုတိယသမ္မတ (၂) ဦးစီးရုံး |
| (၁၁) | ဒေါ်သက်သက်ထွေး | ဒုတိယသမ္မတ (၂) ဦးစီးရုံး |
| (၁၂) | ဦးသန်းဇော်ဦး | အိမ်တော်များဌာနကြီး |
| (၁၃) | ဒေါ်စန်းစန်းမြင့် | နိုင်ငံရေးနှင့်လုံခြုံရေးဌာနကြီး |
| (၁၄) | ဒေါ်ချိုချိုမြင့် | သမ္မတဦးစီးရုံး |
| (၁၅) | ဦးဝင်းလှိုင် | ပြည်ထောင်စုဝန်ကြီးရုံးအဖွဲ့ |
| (၁၆) | ဒေါ်ခင်မာရီ | နိုင်ငံရေးနှင့်လုံခြုံရေးဌာနကြီး |
| (၁၇) | ဦးသက်ထွန်း | သုတေသန၊ သတင်းပြန်ကြားရေးနှင့်တိုင်ကြားစာများဌာနကြီး |
| (၁၈) | ဒေါက်တာဒေါ်စန်းစန်းမျိုးစံ | သမ္မတဦးစီးရုံး |

ဝင်းကျော်အောင်၊

ခေတ္တညွှန်ကြားရေးမှူးချုပ်၊

နိုင်ငံတော်သမ္မတရုံး။

## ပြည်ထောင်စုလွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

၁။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်လှ အား နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှ ဒီဇင်ဘာလ ၂၃ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အမျိုးသားလွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၁၇၀/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

အမျိုးသားလွှတ်တော်ရုံးတွင် အစမ်းခန့်ထားခဲ့သော ဦးစီးအရာရှိ ဒေါ်ခင်ခင်နှောင်း အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) လွင်ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

အမှတ် ၉၄/၂၀၁၇ ။ ။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၈) နောက်ဆက်တွဲသင်တန်းတွင် တက်ရောက်သင်ကြားအောင်မြင်ခဲ့ကြသော အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှ အစပြု၍ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) ဖုန်းထိုက်အောင် ကြည်း ၇၁၈၆၇

(၂) ပြည့်စုံမှူး ကြည်း ၇၁၈၆၈

(၃) ထက်နိုင်ကျော် ကြည်း ၇၁၈၆၉

(၄) ရှိုင်းထက်အောင် ကြည်း ၇၁၈၇၀

| | | |
|---|---|---|
| (၅) | အောင်ရဲခန့် | ကြည်း ၇၁၈၇၁ |
| (၆) | ကျော်ဇင်ဦး | ကြည်း ၇၁၈၇၂ |
| (၇) | အောင်ကျော်သူ | ကြည်း ၇၁၈၇၃ |
| (၈) | ရဲရင့်ကျော် | ကြည်း ၇၁၈၇၄ |
| (၉) | အောင်ဖြိုးဟိန်း | ကြည်း ၇၁၈၇၅ |
| (၁၀) | ရာဇာနိုင် | ကြည်း ၇၁၈၇၆ |
| (၁၁) | လွင်အောင်မိုး | ကြည်း ၇၁၈၇၇ |
| (၁၂) | ဘုန်းသစ်နိုင် | ကြည်း ၇၁၈၇၈ |
| (၁၃) | သက်မောင်မောင်မြင့် | ကြည်း ၇၁၈၇၉ |
| (၁၄) | ခန့်စိုး | ကြည်း ၇၁၈၈၀ |
| (၁၅) | စိုးကိုကိုဦး | ကြည်း ၇၁၈၈၁ |
| (၁၆) | ဟိန်းထက်အောင် | ကြည်း ၇၁၈၈၂ |
| (၁၇) | ကျော်စန်းအောင် | ကြည်း ၇၁၈၈၃ |
| (၁၈) | ဖြိုးထက်ပိုင်စိုး | ကြည်း ၇၁၈၈၄ |
| (၁၉) | ဖြိုးတေဇစိုး | ကြည်း ၇၁၈၈၅ |
| (၂၀) | ပိုင်သူ | ကြည်း ၇၁၈၈၆ |
| (၂၁) | စွမ်းထက်အောင် | ကြည်း ၇၁၈၈၇ |
| (၂၂) | သက်တိုးအောင် | ကြည်း ၇၁၈၈၈ |
| (၂၃) | ဟိန်းထက် | ကြည်း ၇၁၈၈၉ |
| (၂၄) | နေဝင်းအောင် | ကြည်း ၇၁၈၉၀ |

အမှတ် ၉၅/၂၀၁၇ ။ ။ အောက်ဖော်ပြပါ တက္ကသိုလ်ကျောင်းဆရာ/ဆရာမများအား ကာကွယ်ရေး ဌာနကောင်စီညွှန်ကြားလွှာအမှတ် ၂/၈၇ အရ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှ အစပြု၍ တက္ကသိုလ် လေ့ကျင့်ရေးတပ်များတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

**တပ်မတော် (ကြည်း)**

| **အမှတ်စဉ်** | **ရာထူး** | **အမည်** | **ပြန်တမ်းဝင်အမှတ်** |
|---|---|---|---|
| ၁ | ကထိက | ဦးအောင်ဝင်း | တကသ-၇၅ |
| ၂ | လက်ထောက်ကထိက | ဦးဇော်မင်းမောင် | တကသ-၇၆ |
| ၃ | ကထိက (ဌာနမှူး) | ဒေါက်တာမိုးမိုးခိုင် | တကသ-၇၇ |
| ၄ | လက်ထောက်ကထိက | ဒေါက်တာစန္ဒာမြင့် | တကသ-၇၈ |
| ၅ | လက်ထောက်ကထိက | ဒေါက်တာနှင်းအိဆန်း | တကသ-၇၉ |
| ၆ | တွဲဖက်ပါမောက္ခ | ဦးတင့်ဝေ | တကသ-၈၀ |
| ၇ | သရုပ်ပြ | ဦးရဲကျော် | တကသ-၈၁ |
| ၈ | ကထိက | ဒေါ်ခိုင်ခိုင်ရှိန် | တကသ-၈၂ |

| အမှတ်စဉ် | ရာထူး | အမည် | ပြန်တမ်းဝင်အမှတ် |
|---|---|---|---|
| ၉ | ပါမောက္ခ (ဌာနမှူး) | ဒေါက်တာမောင်မောင်လွင်စော | တကသ-၈၃ |
| ၁၀ | ပါမောက္ခ (ဌာနမှူး) | ဒေါက်တာစိန်ဝင်း | တကသ-၈၄ |
| ၁၁ | လက်ထောက်ကထိက | ဦးအောင်ချမ်းငြိမ်း | တကသ-၈၅ |
| ၁၂ | ပါမောက္ခ (ဌာနမှူး) | ဒေါက်တာစိုးစိုးနွယ် | တကသ-၈၆ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

မန္တလေးမြို့၊ ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

အမှတ် ၁၁၈ ။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၃/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂/(၂) ၀၉ (၁၉၀၅/၂၀၁၇) တို့အရ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ အင်ဂျင်နီယာဌာနမှ ဒုတိယညွှန်ကြားရေးမှူး (သန္တေ) ဦးကျော်မိုးအောင် အား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်သွားသည့် ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးနေရာသို့ ညွှန်ကြားရေးမှူး အလုပ်တာဝန်စတင် ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ငွေးအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

## သစ်တောဦးစီးဌာန

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

အမှတ် ၅၉၈ ။ ။ သစ်တောဦးစီးဌာန၊ ရေဆင်း-သစ်တောသုတေသနဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝေဝေသန်း အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ပျမ်းမျှလစာဖြင့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။ အဆိုပါခွင့်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်)

အမှတ် ၆၁ ။ ။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ၌ သဘောတူညီချက်အရ မန္တလေးအဝေးသင်တက္ကသိုလ်၊ စာကြည့်တိုက်ဌာနမှ စာကြည့်တိုက်မှူး၊ ဒေါ်ဥမ္မာတင့် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ မေလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၆၂ ။ ။ ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ စာကြည့်တိုက်မှူး ဒေါ်ဥမ္မာတင့် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

အမှတ် ၆၃ ။ ။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၇) ၏ သဘောတူညီချက်အရ ရန်ကုန်တက္ကသိုလ်၊ သမိုင်းဌာနမှ အငြိမ်းစားပါမောက္ခ ဒေါက်တာကျော်ဝင်း အား အဆိုပါဌာနတွင် အချိန်ပိုင်းပါမောက္ခအဖြစ် တစ်ရက် လာရောက်သင်ကြားလျှင် ချီးမြှင့်ငွေ (၅၀၀၀ိ/-) နှုန်းဖြင့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ အချိန်ပိုင်း ပါမောက္ခအဖြစ် (၁၁) ကြိမ်မြောက် (၁) နှစ် ဆက်လက်ခန့်ထားလိုက်သည်။

## အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)

၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

အမှတ် ၂၄၂။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၌ သဘောတူညီချက်အရ ဘားအံတက္ကသိုလ်၊ ရုက္ခဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာနီလာခင် (ရ-၁၄၅၇) အား ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှစ၍ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လလျှောက်ထားခြင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ဒေါက်တာနီလာခင် အား ငြင်းပယ်ထားသည့် အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ နံနက်ပိုင်းမှစတင် ခံစားခွင့်ပြုပြီး အဆိုပါခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၂၅၀ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၌ သဘောတူညီချက်အရ မော်လမြိုင်တက္ကသိုလ်၊ သတ္တဗေဒဌာနမှ ကထိက ဒေါ်ရီရီမြင့် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊

မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ဒေါ်ရီရီမြင့် အား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၂၅၁ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူညီချက်အရ ဒဂုံတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာခင်မောင်ဆွေ (ရ-၁၂၅၆) အား ၂၀၁၇ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လလျှောက်ထားလာခြင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အပိုဒ် (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ပါမောက္ခ (ဌာနမှူး) ဒေါက်တာခင်မောင်ဆွေ အား ငြင်းပယ်ထားသည့် အငြိမ်းစားမယူမီကြိုတင် ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးလျှင် ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၂၅၅ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူညီချက်အရ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ ရူပဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်ညွန့်ဝေ (ရ-၂၆၁၈)အား ပြည်ထောင်စုရာထူးဝန် အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ဒေါက်တာဒေါ်ညွန့်ဝေ အား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

အမှတ် ၄၄၇ ။ ။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ၏ သဘောတူညီချက်အရ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၊ ရုက္ခဗေဒဌာနမှ ကထိက ဒေါ်ချိုချိုသန်း (ရ-၃၁၂၂) အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၄) ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ဒေါ်ချိုချိုသန်း အား ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၄၅၃ ။ ။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ၏ သဘောတူညီချက်အရ ရန်ကုန်အရှေ့ပိုင်း

တက္ကသိုလ်၊ သချင်္ဂျာဌာနမှ ကထိက ဒေါ်လှတင့် (ရ-၃၉၆၉) အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၄) ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ဒေါ်လှတင့် အား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

အမှတ် ၄၅၉ ။ ။ ဒဂုံတက္ကသိုလ်၊ စီမံရေးရာဌာန (သင်တန်းရေးရာတွဲဖက်) မှ ဌာနစုမှူး ဒေါ်သင်းသင်းရီ (ရ-၁၃၅၁၅) အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲပါ စာဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၄) ၏ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ဌာနစုမှူး ဒေါ်သင်းသင်းရီ အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေအပိုဒ် (၂၃၃) (က) အရ သက်ပြည့်အငြိမ်းစားယူခွင့် ပြုလိုက်သည်။

အမှတ် ၄၆၀ ။ ။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ၌ သဘောတူညီချက်အရ မအူပင်တက္ကသိုလ်၊ ရူပဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာအမာတူး (ရ-၁၃၅၄) အား ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ စ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားလာခြင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၄) ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအပိုဒ် (၈၁) အရ အများပြည်သူ အကျိုးငှာ ငြင်းပယ်လိုက်သည်။

ပါမောက္ခ (ဌာနမှူး) ဒေါက်တာအမာတူး အား ငြင်းပယ်ထားသည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးလျှင် ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးမှ သက်ပြည့် အငြိမ်းစားယူခွင့် ပြုလိုက်သည်။

ဒေါက်တာသိန်းဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အဆင့်မြင့်ပညာဦးစီးဌာန။

## မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

ရန်ကုန်မြို့၊ ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

အမှတ် ၂၄ ။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၇ အရ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ လက်ထောက်အထွေထွေမန်နေဂျာ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဦးစိန်ဝင်းကြည် အား

၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှ စတင်၍ ဒုတိယအထွေထွေမန်နေဂျာ လစာနှုန်း (၃၄၀,၀၀၀ိ-၄,၀၀၀ိ-၃၆၀,၀၀၀ိ) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ညီဖြူလှ၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်။

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

အမှတ် ၂၂ ။ ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မိုးညှင်းမြို့နယ်ဘဏ်ခွဲ မန်နေဂျာ ဒေါ်နုနု အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၈၁ အရ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

အထက်ပါခွင့်ရက်များကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မင်းသူ၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်။

## မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)

### စီမံခန့်ခွဲရေးဌာန

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

အမှတ် ၈၃ ။ ။ မြန်မာ့စီးပွားရေးဘဏ်၊ ညောင်ဦးခရိုင်ဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်လွင်လွင်မြင့် (ID-၀၀၆၀၆) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။ ခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ - ၂၃၀၊ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ပုံ) ယဉ်ဇော်မျိုး၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)။

## မြန်မာ့စီးပွားရေးဘဏ်

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

အမှတ် ၈၇ ။ ။ မြန်မာ့စီးပွားရေးဘဏ်၊ ဧရာဝတီတိုင်းဒေသကြီးရုံးမှ မန်နေဂျာ ဒေါ်နိုင်နိုင်ဝင်း (ID - 00326) အား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ထောက်အထွေထွေမန်နေဂျာ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

(နေရာချထားရေးနှင့်ပတ်သက်၍ ရုံးအမိန့်စာ ထပ်မံထုတ်ပြန်မည်ဖြစ်ရာ အဆိုပါရုံးအမိန့်စာ မရမီ လက်ရှိနေရာတွင်ပင် ယာယီဆက်လက်တာဝန်ထမ်းဆောင်ရန်ဖြစ်သည်)

အမိန့်အရ

ကျော်ကျော်၊
အထွေထွေမန်နေဂျာ၊
မြန်မာ့စီးပွားရေးဘဏ်။

## အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

အမှတ် ၁ ။ ။ အကောက်ခွန်ဦးစီးဌာန၊ စီမံရေးရာဌာနခွဲမှ ကပ-၀၁၁၀၊ ညွှန်ကြားရေးမှူး ဦးမြလှ အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၁၀-၁ (၄၀၅၇/၂၀၁၇) ဖြင့် ခွင့်ပြုချက်အရ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လတိတိကို ပျမ်းမျှလစာပြည့်ဖြင့် ခံစားခွင့် ပြုလိုက်သည်။

အမှတ် ၂ ။ ။ ဦးမြလှ အား ခွင့်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေအပိုဒ် (၄၅၈) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ရန်ကုန်မြို့၊ ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်
( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက် )

အမှတ် ၃ ။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ အောက်ပါ အကောက်ခွန်မှူး (၂၃) ဦးအား ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်းထား (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ကပ | အမည် |
|---|---|---|
| ၁။ | ၂၃၀၄ | ဦးနိုင်သန်း |
| ၂။ | ၂၆၅၄ | ဒေါ်စိမ်းလဲ့ဝေ |
| ၃။ | ၂၂၇၄ | ဦးမိုးနိုင် |
| ၄။ | ၂၆၂၁ | ဒေါ်အေးသဥ္ဇာဟန် |
| ၅။ | ၂၂၇၈ | ဦးဇော်ညွှန့် |
| ၆။ | ၂၆၄၂ | ဒေါ်ဇူလိုင်မို့မို့အောင် |
| ၇။ | ၂၆၇၁ | ဒေါ်ဆုဆုခိုင် |
| ၈။ | ၂၂၇၂ | ဦးသန်းနိုင်ဦး |

| စဉ် | ကပ | အမည် |
|---|---|---|
| ၉။ | ၂၀၃၂ | ဒေါ်အေးအေး-၄ |
| ၁၀။ | ၂၃၁၉ | ဦးဝင်းကျော်ထွေး |
| ၁၁။ | ၂၆၄၅ | ဒေါ်ညိုညိုလှိုင် |
| ၁၂။ | ၂၆၂၆ | ဒေါ်မွန်မြတ်သူ |
| ၁၃။ | ၂၆၆၃ | ဒေါ်ရွှေစင်သန့် |
| ၁၄။ | ၂၄၂၈ | ဦးနေဝင်းဦး (ခ) နေဝင်းကျော် |
| ၁၅။ | ၂၆၄၆ | ဒေါ်စိုးနှင်းလှိုင် |
| ၁၆။ | ၂၆၂၅ | ဒေါ်ခင်စန္ဒီစိုး |
| ၁၇။ | ၂၆၆၂ | ဒေါ်ခင်ရတနာထွန်း |
| ၁၈။ | ၂၆၇၅ | ဒေါ်သန်းသန်းစိုး |
| ၁၉။ | ၂၃၉၇ | ဦးဇေယျာနောင် |
| ၂၀။ | ၂၆၆၅ | ဒေါ်နန်းသဥ္ဇာ |
| ၂၁။ | ၂၅၄၀ | ဦးအောင်ကျော်ဝင်း-၄ |
| ၂၂။ | ၂၆၀၅ | ဦးအောင်မိုးသူ |
| ၂၃။ | ၂၅၆၆ | ဦးအိပ်ချ်ပီဂွမ်ဖန်လနူး |

အမိန့်အာဏာ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၄၁၈၄-၂၀၁၇)

ကျော်ထင်၊
ညွှန်ကြားရေးမှူးချုပ်၊
အကောက်ခွန်ဦးစီးဌာန။

# လူမှုဝန်ထမ်းဦးစီးဌာန

၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

အမှတ် ၃ ။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ (၆/၂၀၁၇) အစည်းအဝေးခွင့်ပြုချက်နှင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၇) အရ ကာကွယ်ရေးဝန်ကြီးဌာန၊ ခမရ (၇၀၆) မှ ပြောင်းရွှေ့ရောက်ရှိလာသည့် အီးအေ (၂) အရာရှိကြည်း ၃၉၃၁၆ ဗိုလ်ကြီးဇော်ထိုက်လင်း အား လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်၊ ပစ္စည်းဌာနစုတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိရာထူး လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာတွင် တာဝန်ချထားလိုက်သည်။

အမှတ် ၄ ။ ။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ အလုပ်ဝင်ရောက်ထမ်းဆောင်စေပြီး ထုတ်ယူရမည့် ကနဦးလစာငွေ ၂၅၀,၀၀၀/- ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၅၁ နှင့် ၅၂ အရ ယင်းနေ့မှစ၍ ထုတ်ယူခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာစန်းစန်းအေး၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
လူမှုဝန်ထမ်းဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် ( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

IN THE MATTER OF THE MYANMAR COMPANIES ACT AND

**GURU CONSTRUCTION SERVICE COMPANY LIMITED**

NOTICE FOR VOLUNTARY WINDING UP UNDER SECTION 206 (1) & CLAIMS NOTICE

At an Extraordinary General Meeting of the shareholders of the Company held at its Registered Office at No. 3,5,6,7,74, Pyay Road, Corner of Pyi Htaung Su Yeik Thar Street, Dagon Township, Yangon, Myanmar at 9:00 AM on 19.10.2017, the following resolutions were passed as Special Resolutions:

Resolved -

(1) "that the Company, be, and is hereby decided to be wound up voluntarily."

(2) "that Daw Tin Win Yu, be, and is hereby appointed Liquidator of the **GURU CONSTRUCTION SERVICE COMPANY LIMITED** for winding up and also authorised & be granted power to such extent and for suitable period necessary for the voluntary winding up.

And Claim Notice is also hereby issued by liquidator:

I, the under signed Liquidator of the above named company, have fixed the date for liquidation at 18.11.2017. The creditors of the above named company are requested to submit their claims together with the detail evidence of the debts and the claims after the Liquidation date will not be considered for the benefit as creditors.

U Soe Myint Than
Managing Director
GURU CONSTRUCTION SERVICE CO., LTD.

Daw Tin Win Yu
Liquidator
FAMAT GROUP
Phone: 09-792233159, 01- 2304349

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ

**မြင်တွေ့အမြန် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(EUREKA EXPRESS TRADING COMPANY LIMITED)**

အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများတောင်းခံရန် သတိပေးခြင်း

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု (ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၁၈-၁၁-၂၀၁၇) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက် နောက်ပိုင်းမှ တောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည် မဟုတ်ကြောင်း အသိပေး အပ်ပါသည်။

ဦးယဉ်ထွေးသက်
မန်နေးဂျင်းဒါရိုက်တာ
မြင်တွေ့အမြန် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်-၆၃၅(အေ-၁)၊ အခန်း (ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၇၉၂၂၃၃၁၅၉ ၊ ၀၁-၅၂၃၃၂၇

**မြန်မာ ဖူစင်း လိုက်တင်း ကုမ္ပဏီလီမိတက်**

**(Myanmar Fu Sing Lighting Company Limited)** အား

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာ ဖူစင်း လိုက်တင်း ကုမ္ပဏီလီမိတက် (Myanmar Fu Sing Lighting Company Limited)** အား (၁၆-၁၀-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော်စွာမြင့် တရားလွှတ်တော် ရှေ့နေအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့် ပေးရန် ရှိသည်များကို (၁) လအတွင်း နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Myint Myint
Managing Director
Myanmar Fu Sing Lighting Co., Ltd.

ဦးကျော်စွာမြင့်
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## Ngwe Kyal Gone Company Limited

ဖျက်သိမ်းရန် ကြေညာချက်

၁။ **Ngwe Kyal Gone Company Limited** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၂. ၁၀. ၂၀၁၇) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၆၁/ခ)၊ (၅) လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဆန်းထွန်း [၁၂/သလန (နိုင်) ၀၃၃၂၅၉] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဆန်းထွန်းထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

ဒေါ်သိင်္ဂီထွန်း
မန်နေးဂျင်းဒါရိုက်တာ
Ngwe Kyal Gone Company Limited

ဦးဆန်းထွန်း
B.A, C.P.A, F.B.S.A.
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) Ngwe Kyal Gone Company Limited

In the matter of the Myanmar Companies Act and of

## KBZ SHIN KONG MYANMAR COMPANY LIMITED

(In Members' Voluntary Liquidation)

NOTICE UNDER SECTION 206 (1)

In accordance with the KBZ Shin Kong Myanmar Company Limited's extraordinary general meeting resolution which was passed at 20-10-2017, the Company be voluntarily wound up by the members with effect from that date and Daw Sandar Aye (B.Com, C.P.A) was appointed as a company's liquidator on that meeting.

The undersigned liquidator of the above named Company have, therefore fixed 20-11-2017, as the day on or before which the creditors of the Company are to prove their debt or claims, failing which they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to be creditors of the above company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below, before the above date.

Moe San Aung
Chairman
KBZ Shin Kong Myanmar Co., Ltd.

Daw Sandar Aye
B. Com, C.P.A
No. 23, Room (302), Block (B), Ingyin Street,
Yuzana Garden City, Dagon Seikan Township, Yangon.
Tel ; 09420063490

## ဖီး(လ်)အက်(စ်)ကေအို ကုမ္ပဏီလီမိတက်
## (FEEL SKO COMPANY LIMITED)

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၆ (၁) အရ

(၁. ၉. ၂၀၁၇) နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက် ထူးကဲသည့် အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ဖီး(လ်) အက်(စ်)ကေအို ကုမ္ပဏီလီမိတက် (FEEL SKO COMPANY LIMITED)** အား (၁. ၉. ၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးကပင် ဦးလှဝင်း (တရားလွှတ်တော်ရှေ့နေနှင့် နိုင်ငံတော်ပြုပဗ္ဗလစ်) အား စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၀. ၁၁. ၂၀၁၇) နေ့တွင် နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ပြီး တောင်းခံခြင်းနှင့်ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးလှဝင်း
(တရားလွှတ်တော်ရှေ့နေနှင့် နိုင်ငံတော်ပြုပဗ္ဗလစ်)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၂၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ဖီးလ်ဂရမ်းကွန်စထရယ်ရှင် ကုမ္ပဏီလီမိတက်
## (FEEL GRAND CONSTRUCTION COMPANY LIMITED)

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၆ (၁) အရ

(၁. ၉. ၂၀၁၇) နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက် ထူးကဲသည့် အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ဖီးလ်ဂရမ်းကွန်စထရယ်ရှင် ကုမ္ပဏီလီမိတက် (FEEL GRAND CONSTRUCTION COMPANY LIMITED)** အား (၁. ၉. ၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးကပင် ဦးလှဝင်း (တရားလွှတ်တော်ရှေ့နေနှင့် နိုင်ငံတော်ပြုပဗ္ဗလစ်) အား စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၀. ၁၁. ၂၀၁၇) နေ့တွင် နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ပြီး တောင်းခံခြင်းနှင့်ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးလှဝင်း
(တရားလွှတ်တော်ရှေ့နေနှင့် နိုင်ငံတော်ပြုပဗ္ဗလစ်)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၂၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မြန်မာတယ်လီကွန်မြူနီကေးရှင်းနှင့် တက်ခနိုလိုဂျီ ဆားဗစ် ကုမ္ပဏီလီမိတက်**
**(Myanmar Telecommunication and Technology Services Company Limited)** အား
(အစုရှင်များ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**မြန်မာတယ်လီကွန်မြူနီကေးရှင်းနှင့် တက်ခနိုလိုဂျီဆားဗစ်ကုမ္ပဏီလီမိတက် (Myanmar Telecommunication and Technology Services Company Limited)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပိုလ်ရာညွှန့်လမ်း၊ အမှတ် - ၈၅ တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဒေါ်ဥမ္မာခိုင်
B. Com (Q), C.P.A, Dip. IFR, DBL
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

NOTICE PURSUANT TO SECTION 208 (E) MYANMAR COMPANIES ACT
**KAYMU LIMITED**
(In members' Voluntary Winding Up)
INVITATION TO FINAL MEETING

Pursuant to section 208 (E) Myanmar Companies Act, the **FINAL GENERAL MEETING** of **KAYMU LIMITED** (in members' voluntary winding up), will be held as stated below. Therefore, all shareholders are cordially invited to attend the final general meeting, held in order to seek the consent of shareholders to liquidator's report and returns, which will be presented at the meeting. The meeting will be held as follows:

Date : 13.11.2017

Time : 10:00 am

Place : No. 17 A, San Yeik Nyein 6th Street, Kamayut Township, Yangon, Myanmar.

DAW WINT THANDAR OO
LL.B, M.A (Business Law)
LIQUIDATOR
Supreme Court Advocate
POLASTRI WINT AND PARTNERS (Law Firm)
No. 2, Aung Min Gaung Street,
Than Lwin Road, No. 10 Quarter,
Kamaryut Township, Yangon.

## FGV Pho La Min Company Limited

(Voluntary Winding-up)

Calling the Final General Meeting regarding the Winding-up of FGV Pho La Min Company Limited

Pursuant to section 208 (E) of Myanmar Companies Act, the final general meeting of FGV Pho La Min Company Limited which is in the course of winding-up is held as follows, therefore; all shareholders are cordially invited to attend the general meeting in order to seek for the consent of shareholders.

The meeting is held as follows:

Date : 20 November, 2017

Time : 10:00 A.M

Venue : Room 1006, 10th Floor, Sakura Floor, 339 Bogyoke Aung San Road, Kyauktada Township, Yangon, Myanmar.

Thida Cho Win
Liquidator
FGV Pho La Min Co., Ltd.

## Micasa Hotel Limited

(Voluntary Winding-up)

Calling the Final General Meeting regarding the Winding-up of Micasa Hotel Limited

Pursuant to section 208 (E) of Myanmar Companies Act, the final general meeting of Micasa Hotel Limited which is in the course of winding-up is held as follows, therefore; all shareholders are cordially invited to attend the general meeting in order to seek for the consent of shareholders.

The meeting is held as follows:

Date : 20 November, 2017

Time : 10:00 A.M

Venue : No. 17, Kaba Aye Pagoda Road, Yankin Township, Yangon, Myanmar.

Thida Cho Win
Liquidator
Micasa Hotel Limited

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၁၀၀/၂၀-၁၀-၂၀၁၇။